**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်း ကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့် ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ



# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ



**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၀)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ ကြာသပတေးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မိမိတို့နိုင်ငံ၌ ဘာသာတရားနှင့်ပတ်သက်၍ ယုံကြည်ရာဘာသာသာသနာများအလိုက် လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထား၊ ကိုးကွယ်ရာဘာသာသာသနာနှင့် ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့်သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေးအားပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ရုံးတော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် သာသနာ လက်ထောက်ဆရာတော်ကြီး နိုအယ်စော နောအေး၊ ကျိုင်းတုံ၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်နှင့် မြစ်ကြီးနားတို့မှ ကက်သလစ်ဂိုဏ်းအုပ်

စာမျက်နှာ ၅ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဩဂုတ် ၅

အနာဂတ်မျိုးဆက်သစ်လူငယ်များ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်များနှင့်တပ်မတော်၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခဲ့မှုသမိုင်းကြောင်းများကို သိရှိနားလည်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု

စာမျက်နှာ ၁၇ ကော်လံ ၁ ➡


**ဆောင်းပါး**

သုတေသနအလင်းရောင် စာ - ၁၃ သို့

ချစ်ခြင်းတရားဖြင့် စည်းလုံးညီညွတ်ကြပါစို့ စာ - ၂၆ သို့


## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

စာမျက်နှာ ၇ ကော်လံ ၁ ◆

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၆ ရက်)

## နိုင်ငံ့ဝင်ငွေတိုးပွားရေး ခရီးသွားလုပ်ငန်းပိုမိုမြှင့်တင်

ကမ္ဘာ့အကြီးဆုံးစီးပွားရေးလုပ်ငန်းတွင်ခရီးသွားလုပ်ငန်းပါဝင်သည်။ ထို့ကြောင့် နိုင်ငံအသီးသီးရှိအစိုးရများ၊ လုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်းဖြင့် စီးပွားရှာဖွေရန် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့နိုင်ငံများအလိုက်ရှိနေကြသည့် ခရီးသွားဆွဲဆောင်မှုများကို ကမ္ဘာအရပ်ရပ်ရှိ ခရီးသွားဧည့်သည်များ သိရှိနိုင်ကြစေရန် မီဒီယာနည်းလမ်းအမျိုးမျိုးဖြင့် ကြော်ငြာမြှင့်တင်ဆောင်ရွက်ကြသည်။ ခရီးသွားလုပ်ငန်းအမျိုးမျိုးတို့အတွက် အရင်းအမြစ်များကြွယ်ဝစွာပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုကိုတည်ဆောက်ကာ ခရီးသွားလုပ်ငန်း ပိုမိုတွင်ကျယ်စွာမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အတွက် ဝင်ငွေရရှိရေးဆောင်ရွက်လျက်ရှိသည့်ကဏ္ဍများတွင် ခရီးသွားလုပ်ငန်းသည်လည်း တစ်ခုပါဝင်သည်။ နိုင်ငံတိုင်းက မိမိနိုင်ငံသို့ ခရီးသွားဧည့်သည်များလာရောက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင်ဆောင်ရွက်ကြသည်။ တချို့သောနိုင်ငံများမှာ သဘာဝရေမြေတောတောင်အလှအပများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ များပြားစွာရှိသည်မဟုတ်သော်လည်း ခရီးသွားလုပ်ငန်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်မှုကြောင့် ခရီးသွားအဝင်အထွက်များပြားသည်။ ထိုသို့ဆွဲဆောင်မှုများတွင် ရိုးရာအစားအစာများ ကောင်းမွန်စွာဖန်တီးချက်ပြုတ်နိုင်ခြင်းလည်းပါဝင်သည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ ကို ဇူလိုင်လ ၂၅ ရက်က ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ နှစ်ရက်ကြာကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကိုပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်စေရန် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်အဖွဲ့ခုနစ်ဖွဲ့ပါဝင်ယှဉ်ပြိုင်ကြကာ ပြခန်းပေါင်း ၁၂၀ ကျော်ပြသရောင်းချခဲ့သည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲကြီးသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာအစားအသောက်များကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာအစားအစာများ၏ ထူးခြားသည့်အရသာ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကိုသိရှိစေမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းကြောင်းအစဉ်အလာများကိုဖော်ပြရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် အနုပညာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုများအပြင် အစားအသောက်ဆိုင်ရာယဉ်ကျေးမှု(Food Culture) သည်လည်း အလွန်အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သည့်နိုင်ငံဖြစ်သည့်အတွက် ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးစုများအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများရှိသည်။ ထို့အတူ ထူးခြားပြီးအရသာရှိလှသည့် ရိုးရာအစားအစာများလည်း ပိုင်ဆိုင်ထားကြသည်။

ထို့ကြောင့် ထူးခြားပြီးဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင်ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒေသအလိုက်ရိုးရာအစားအစာများသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့်အစိတ်အပိုင်းတွင် ပါဝင်လာသည်။ မိမိတို့ကြိုက်နှစ်သက်သည့်အစားအစာများရှိသည့် နေရာဒေသများသို့ ခရီးသွားများ ရွေးချယ်လာရောက်မှုမှာ ယနေ့ကာလတွင်တိုးတက်လာနေပြီဖြစ်သည်။

အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန်တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံများ၏ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာဖော်ထုတ်မြှင့်တင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီးသိစေနိုင်သည့်အစားအစာများကို ဖော်ထုတ်မြှင့်ပေးကြရမည်ဖြစ်သည်။ မြန်မာ့အစားအစာများဖြစ်သည့် မြန်မာ့လက်ဖက်၊ ထမနဲစသည်များကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဖြစ်အောင်ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းသည် မိမိတို့ဒေသ၏ရိုးရာအစားအစာများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာရောက်သကဲ့သို့ ဟိုတယ်များ၊ စားသောက်ဆိုင်လုပ်ငန်းများသာမက စိုက်ပျိုးမွေးမြူရေးနှင့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း တိုက်ရိုက်အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်သူလူထု၏လူမှုစီးပွားဘဝကိုမြှင့်တင်ပေးခြင်းလည်းဖြစ်သည်။ မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ အရသာရှိရှိချက်ပြုတ်ပြီး သန့်သန့်ရှင်းရှင်းဖွယ်ဖွယ်ရာရာတည်ခင်းဧည့်ခံနိုင်ရမည်ဖြစ်သည်။ လူတိုင်းအတွက် အစားအစာသည် မရှိမဖြစ်နေ့စဉ်စားသုံးနေရမည်ဖြစ်ပေရာ မြန်မာ့ရိုးရာအစားအစာများ၏ဆွဲဆောင်မှုဖြင့် ခရီးသွားဧည့်သည်များပိုမိုဝင်လာမည်ဟုယုံကြည်ပါကြောင်း။ ။

## မိတ္ထီလာမြို့နယ်၌ မိုးစပါးများစိုက်ပျိုးနိုင်ရေး စတင်ပျိုးထောင်

မိတ္ထီလာ ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၃၀၇၀ စိုက်ပျိုးရန် သတ်မှတ်လျာထားပြီး မိုးစပါးများ စိုက်ပျိုးနိုင်ရေး စတင်ပျိုးထောင်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း မိုးစပါးစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးသည့် မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း ဆည်ရေကန်ရေများအပြင် ဆည်ရေကန်ရေမရရှိသည့်ဒေသများ၌ မိုးရေများဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုသို့ သတ်မှတ်လျာထားသည့် စိုက်ဧကများ စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများက မိုးစပါးများကို တိုက်ရိုက်စိုက်ပျိုးနည်းစနစ်နှင့် ပျိုးထောင်စိုက်ပျိုးနည်းစနစ်များကို အသုံးပြု၍ စိုက်ပျိုးကြရာ ပျိုးထောင်စိုက်ပျိုးမည့်တောင်သူများက စပါးမျိုးများကို ဇူလိုင်လမှစတင်၍ ပျိုးထောင်လျက်ရှိသည်။

မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ကျေးရွာအုပ်စု ၅၃ အုပ်စုမှ ကွင်း ၂၉၅ ကွင်းရှိ တောင်သူ ၈၄၄၀ ဦး၏ မိုးစပါးစိုက်ဧက ၁၃၀၇၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

(၄၀၂)

## ခေတ်မီစံပြကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ပြင်ဦးလွင် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်လိန်(လယ်)ကျေးရွာအုပ်စု ပင်လိန်(လယ်) ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ်လ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အကြောင်းအရာတို့အား ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန်ဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ အစည်းအဝေးတက်ရောက်လာကြသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးသည်။

အဆိုပါ ပင်လိန်(လယ်)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၂၆(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၃ | တရားတော် | ၉။ ၁၇:၂၀ | လူသားတို့နှင့်ဆိုက်ဘာအန္တရာယ် |
| ၂။ ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | ၁၀။ ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း မင်္ဂလာရှိတဲ့အရပ် အပိုင်း(၉) သရုပ်ဆောင် - မြင့်မြတ်၊ အေးဝတ်ရည်သောင်း၊ နေခြေး၊ နွယ်ဒါလီထွန်း ဒါရိုက်တာ-ဩရသ** |
| ၃။ ၀၉:၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | |
| ၄။ ၁၀:၁၅ | နိုင်ငံတကာသတင်း | | |
| ၅။ ၁၂:၁၅ | လေးစားအတုယူစံနမူနာသူရဲကောင်းများ | | |
| ၆။ ၁၂:၄၀ | မွေးမြူသုတ | | |
| ၇။ ၁၄:၅၅ | မှတ်သားလိုက်နာပုံပမာ | ၁၁။ ညစနာရီသတင်းအပြီး | မိုးလေဝသသတင်း |
| ၈။ ၁၆:၅၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း | ၁၂။ | ပန်းပေါင်းစုံစွာအနုပညာ |

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငဖဲမြို့နယ်၌ ဆီထွက်သီးနှံနေကြာ ဧက ၃၆၀ ကျော် စိုက်ပျိုးပြီးစီး



ငဖဲ ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ကျေးရွာအုပ်စုများတွင် ဆီထွက်သီးနှံနေကြာ ဧက ၃၆၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

နေကြာစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်သည့် ဆင်းရွှေကြာမျိုးနှင့် အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည့် ရေဆင်းမျိုးများကို ဧက ၄၆၀ စိုက်ပျိုးရန်လျာထားရာ လက်ရှိတွင် ဆင်းရွှေကြာ ၃၂၂ ဧကနှင့် ရေဆင်းမျိုး ၄၅ ဧကကို ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ စိုက်ပျိုးထားသည့် မိုးနေကြာအပင်ကြီးထွားဖြစ်ထွန်းရေး၊ အပွင့်အရွယ်အစားကြီးမားစေရေး၊ အစေ့အဆန်အောင်မြင်စေရေးတို့အတွက် လိုအပ်သောသွင်းအားစုများ စနစ်တကျထည့်သွင်းပေးရေး၊ အပင်ပြုစုစောင့်ရှောက်ရေးနည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့်ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီပေးသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံသာမက ပိုလျှံမှုကို တခြားဒေသဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ဆီဈေးနှုန်းများတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်

ဝါးခယ်မ ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာတွင် စားဖိုဆောင်သီးနှံစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧကကို ယခုနှစ် မေလပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် စိုက်ပျိုးပြီးစီးပြီဖြစ်သည့်အပြင် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တစ်မြို့နယ်လုံးအနေနဲ့ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလိုသီးနှံတွေကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေအပြင် တခြားလိုအပ်တာတွေကိုပါ ပူးပေါင်းဆောင်ရွက်ပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အဆိုပါစားဖိုဆောင်သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည်တို့ကို စနစ်တကျသုံးစွဲတတ်စေရန် စသည့်လုပ်ငန်းများကို ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတကျော်

# မြစ်သားမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးခင်းများရိတ်သိမ်းခြွေလှေ့



မြစ်သား ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးခင်းများရိတ်သိမ်းခြွေလှေ့လျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးခင်းများကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၉၃၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၁၀၆ ဒသမ ၄၁ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"မြစ်သားမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေကနေ ဧက ၉၃၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးတဲ့အချိန်မှာ တောင်သူတွေအခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းတွေကောင်းမွန်အောင် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးပေးခဲ့ပါတယ်"ဟု မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်ကပြောသည်။

မြစ်သားမြို့နယ်၌ နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေးနှင့် စနစ်တကျသိုလှောင်သိမ်းဆည်းတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# ပေါင်မြို့နယ်၌ မူခင်းကျဆင်းရေးနှင့် ဥပဒေရေးရာအသိပညာပေးဟောပြော

ပေါင် ဩဂုတ် ၅

မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (မုတ္တမ)၌ မူခင်းကျဆင်းရေးနှင့် ဥပဒေရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ၄ ရက်ကကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်၊ မုတ္တမစခန်းမှူး ရဲအုပ်ဝင်းညွန့်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ၊ မုတ္တမစခန်းမှူး ရဲအုပ်ဝင်းညွန့်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုးက ကျန်းမာသောနေထိုင်စားသောက်မှုအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်က မုန်တိုင်းဘေးအန္တရာယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက ဒီရေတောများအကြောင်း အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(မုတ္တမ)မှ ကျောင်းအုပ်ဆရာကြီး ဦးပိုင်သူကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မဂျမ်းပုံသည် မောင်ထွန်းမြတ်၏အိမ်သို့ လာရောက်နေထိုင်ရာ၌ စားရမဲ့သောက်ရမဲ့ဖြစ်၍ လာရောက်နေထိုင်သည်မဟုတ်။ ဖခင်သေဆုံးပြီးသည့်နောက် မဂျမ်းပုံမှာလည်း မောင်ထွန်းမြတ်နှင့်အတူ အမွေရသောပစ္စည်းများလည်းရှိလေသည်။ ယခုအငှားချလျက်ရှိသောအိမ်မှာ မဂျမ်းပုံပိုင်အိမ်ဖြစ်သည့်အပြင် မိမိအတွက် စုဌေ ၁၀၀၀၀ ကျပ်ကျော်လောက်ကိုလည်း ရွှေထည်၊ စိန်ထည် စသည်တို့ကို အပေါင်ခံသဖြင့် အတိုးရလေသေးသည်။ ၎င်းရသမျှ အိမ်ခနှင့်ငွေတိုးတို့ကိုလည်း မိမိမယူဘဲ မောင်ထွန်းမြတ်တို့ ကုန်ကျသော အသုံးအစွဲထဲသို့ ထည့်သွင်းလေသည်။ မဂျမ်းပုံမှာ ခင်စိန်ကြည်စိတ်မချမ်းမသာဖြစ်စေရအောင် နေ့ရှိသမျှ လုပ်မိလျက်ရှိသော်လည်း ခင်စိန်ကြည်သည် မိမိအတွက် မည်မျှစိတ်မချမ်းသာသည့်အဖြစ်ကို ကုန်စင်အောင်မသိချေ။ အဘယ်ကြောင့်ဆိုသော် မိမိသည် တစ်သက်ပတ်လုံး ဤကဲ့သို့ ဩဇာပေးရန်ဝါသနာပါခဲ့သည့်အပြင် သူတစ်ပါးတို့လည်း မိမိကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း လုပ်နိုင်ကိုင်နိုင်လိမ့်မည်ရှိရမည်။ ရှိသင့်သည်ဟု မှတ်ထင်ခဲ့သည်ဖြစ်သောကြောင့်တည်း။

တစ်နေ့သ၌ အစေခံမစောသည် အခန်းပေါက်တစ်ခုအနီးတွင် မျက်ရည်စက်လက်နှင့်ထိုင်လျက်နေသည်ကို မဂျမ်းပုံမြင်လေလျှင် တစ်သက်လုံး ဘယ်သောအခါမျှ ဖြည်းညင်းစွာ မသွားဖူးတဲ့ခြေဖျားထောက်လျက် တစ်လှမ်းချင်းလာပြီးလျှင် မစောအနီးသို့လာ၍ထိုင်ကာ အလွန်စိုးရိမ်လျက်ရှိသော မျက်နှာထားနှင့် "ဘယ့်နှယ်လဲ မယ်စော စိုးရိမ်ရသတဲ့လား"

"မပြောတတ်ဘူး အစ်မကြီးရဲ့၊ ကျွန်မလည်းမကြုံဖူးလို့ မသိဘူး၊ မမလေးညည်းသံကြားတော့ ငိုချင်လွန်းလို့ထွက်လာခဲ့တယ်"

"အေး.. ဒီဟာက ငါတို့မိန်းမများမခံမှုတာကိုး၊ ညည်းတို့၊ ငါတို့ ကံကောင်းလို့ ဒီဟာမျိုးက လွတ်ခဲ့ကြရတယ်၊ ကိစ္စမရှိတန်ပါဘူး ထင်ပါရဲ့အေ၊ ဘယ့်နှယ်တဲ့လဲ မသေစေချင်သေးပါဘူးတော်၊ ချမ်းသာပါစေ"ဟု မဂျမ်းပုံသည် အလွန်စိုးရိမ်သောအသံဖြင့် တိုးတိုးကလေး ပြောလေ၏။

အကယ်၍ ခင်စိန်ကြည်သည် တိမ်းပါးယိမ်းပါးရှိခဲ့ပါလျှင် မိမိနှင့်အတူ ခေတ္တနေရသည့်အခိုက် စိတ်မချမ်းသာစေရအောင် ကြံဖန်၍လုပ်မိသကဲ့သို့ရှိသောကြောင့် ပြုခဲ့မိသည့်အဖြစ်ကို နောင်တရဟန်လက္ခဏာရှိလေရကား မဂျမ်းပုံသည် နောက်ထပ်၍ စကားမပြောဘဲ နှစ်ယောက်သားတို့သည် ကြောင့်ကြသောမျက်နှာထားနှင့် နားစွင့်လျက်နေကြစဉ် နာရီဝက်ခန့်ရှိသောအခါ အခန်းထဲမှ ကလေးငိုသံကြားကြလေ၏။ ထိုအခါ နှစ်ယောက်သားသည် ထိုင်ရာမှထ၍ လျင်မြန်စွာသွားကြရာ ခင်စိန်ကြည်သည် သမီးမိန်းကလေးဖွားမြင်ကြောင်း ကြားသိကြရလေ၏။

■ ■ ■ ■ ■

**အခန်း (၁၄)**

နောက်သုံးရက်လောက်ကြာသည့်နေ့၌ မိနှစ်နှင့်မစောတို့သည် ခင်စိန်ကြည်အခန်းအနီးတွင်ထိုင်၍ မီးနေစောင့်နေကြစဉ် ခင်စိန်ကြည်မှာ အားနည်းသည့်အခါဖြစ်၍ မျက်စိမှိတ်လျက်နေသည်ကို မြင်ရလေလျှင် မိနှစ်သည် အခန်းပေါက်မှ လှမ်း၍ကြည့်ကာ အိပ်ပျော်နေသည် ထင်မှတ်ပြီး မစောအား ပြောသည်မှာ-

**"ခင်စိန်ကြည်သည် တိမ်းပါးယိမ်းပါးရှိခဲ့ပါလျှင် မိမိနှင့်အတူ ခေတ္တနေရသည့်အခိုက် စိတ်မချမ်းသာစေရအောင် ကြံဖန်၍လုပ်မိသကဲ့သို့ရှိသောကြောင့် ပြုခဲ့မိသည့်အဖြစ်ကို နောင်တရဟန်လက္ခဏာရှိလေရကား မဂျမ်းပုံသည် နောက်ထပ်၍စကားမပြောဘဲ နှစ်ယောက်သားတို့သည် ကြောင့်ကြသောမျက်နှာထားနှင့် နားစွင့်လျက်နေကြစဉ် နာရီဝက်ခန့်ရှိသောအခါ အခန်းထဲမှ ကလေးငိုသံကြားကြလေ၏။ ထိုအခါ နှစ်ယောက်သားသည် ထိုင်ရာမှထ၍ လျင်မြန်စွာ သွားကြရာ ခင်စိန်ကြည်သည် သမီးမိန်းကလေး ဖွားမြင်ကြောင်း ကြားသိကြရလေ၏..."**

"မမလေးကြည့်ရတာ တယ်မာပုံမရဘူး မစောရဲ့၊ ဒီတောင်က တက်မှ တက်ပါ့မလား"

မစော "ဟယ်... တောက်တီးတောက်တဲ့ ကောင်မကလေးကလည်း တစ်နေ့ကများ ဒီထက်တောင် ဆိုးသေးတာကပဲ၊ အခု အပုံကြီးတော် သွားသေးတယ်"

မိနှစ် "မတော်တဆများဖြစ်သွားရင်တော့ ဟိုကတစ်ယောက်က တယ်ဝမ်းသာမှာပေါ့လေ၊ အရင်တစ်ခါသာ အလွတ်ခံတယ်၊ ဒီတစ်ခါတော့ အလွတ်ခံမှာမဟုတ်ဘူး"

မစော "ဟဲ့ ... ... ဘယ့်နှယ် အလကားဟာတွေလျှောက်ပြောနေတာလဲ မိနှစ်ရဲ့"

မိနှစ် "ရှင်ကသာ အလကားဟာတွေလုပ်နေပါ၊ ကျွန်မက သိလို့ ပြောတာပေါ့၊ မိမိရီကတော့ အခုတောင် ကြိုက်ရှာတုန်းတော့ သိရဲ့လား"

မစော "ညည်းက ဘာကြောင့်သိရသလဲ"

မိနှစ် "မိမိရီတို့အိမ်နေတဲ့ ကျွန်မအစ်မ မချစ်ကပြောလို့ပေါ့၊ မိမိရီလည်ပင်းဆွဲထားတဲ့ ရွှေကြိုးကလေးဟာ မြင်ရဲ့လား၊ အဲဒါဟာ ကိုထွန်းမြတ်ကပေးတာပေါ့၊ ဒီရွှေကြိုးကလေးကို ညအိပ်ရင်တောင် ခေါင်းအုံးအောက် ထားအိပ်တယ်တဲ့"

မစော "ဒါဘာပြုသတုံး"

မိနှစ် "ဒါဘာပြုရမလဲ စဉ်းစားကြည့်ပါလား၊ ပြီးတော့လည်း ကိုထွန်းမြတ် ရွှေဘိုမကက်ဖြန်သွားမယ်ဆိုတော့ အဲဒီနေ့မှာ ကိုထွန်းမြတ်က မိမိရီကိုလိုက်ပို့တာကိုး၊ ပို့ပြီးလို့ ကိုထွန်းမြတ်ပြန်သွားတော့ မိမိရီက သူ့တစ်ယောက်တည်းပြောသွားတာကိုး၊ မချစ်ကလည်း သူ့အချက်ရှိလို့ မှောင်ရိပ်ကစောင့်နေတော့ "အခုမှပဲ သိရပေတော့တယ်၊ ကိုထွန်းမြတ်ကယ်လို့" မျက်နှာထားခပ်ပြုံးပြုံးနဲ့ပြောသွားတာ လရောင်နှင့်မြင်လိုက်ရသတဲ့ မစောရဲ့၊ ဒီတော့ သူတို့နှစ်ယောက်တော့ အမှန်အချက်ရှိတယ်၊ တစ်ယောက်တစ်ယောက်လည်း ချစ်ကြိုက်နေကြတဲ့လက္ခဏာပဲ၊ နောက်တော့မှ ကိုထွန်းမြတ်က ကျွန်မတို့မမလေးနဲ့တွေ့လို့ မိမိရီကို မေ့တဲ့လက္ခဏာနဲ့တူတယ်၊ ယောက်ျားများ တယ်ရက်စက်တယ်နော်"

မစော "ကိုထွန်းမြတ်ကြည့်ရတော့ ရက်စက်ပုံမရပါလားအေ"

မိနှစ် "ပြီးတော့ ရှိသေးတယ်၊ ကိုထွန်းမြတ်နဲ့ မမလေးနဲ့ရွှေဘိုမှာ လက်ထပ်ကြတယ်လို့ အစ်မကြီးကကြားရော၊ ကြားတော့ မိမိရီဆီ ချက်ချင်းသွားပြောတာကိုး၊ မိမိရီလည်း ဒီအကြောင်းကြားတော့ ဘာမှမပြောဘဲနဲ့ အိမ်ပေါ်တက်သွားပြီး အခန်းထဲရောက်လျှင်ပဲ ကြမ်းပေါ်ကိုပစ်လှဲပြီး ချုံးပွဲချငိုရှာသတဲ့၊ မချစ်ကလည်း အခန်းထဲကအသံကြားလို့ အခန်းတံခါး အသာကလေးဖွင့်ကြည့်တော့ မိမိရီက တကတဲ ကြမ်းပေါ်လိမ့်ပြီး ငိုနေလိုက်တာတဲ့ မစောရဲ့"

မစော "ကိုယ့်မချစ်တဲ့သူ ချစ်နေလို့ အလကားပေါ့၊ မိမိရီက တယ်မိုက်ပါလား"

မိနှစ် "ဒါတော့မသိနိုင်ဘူးလေ၊ အခုလည်းပဲ ကိုထွန်းမြတ်ရုံးသွားချိန်၊ ရုံးပြန်ချိန်ကျမှဖြင့် ပြတင်းပေါက်ကကွယ်ပြီး နေ့တိုင်းချောင်းကြည့်သတဲ့"

မစော "အင်း... အခုတောင် မိုက်တုန်းပါကလား"

မိနှစ် "ဒါကြောင့် ခုတင်က ပြောတယ်မဟုတ်ဘူးလား၊ မမလေးများ မတော်တဆဖြစ်သွားမှဖြင့် မိမိရီကတော့ အကြည်ဆိုက်မှာပဲ"

မစော "တော်အေ ညည်းက ဒီစကားမပြောနဲ့၊ မမလေး ဘာမှမဖြစ်ဘူး"

မိနှစ် "မဖြစ်ပါစေနဲ့လို့ ကျွန်မတို့လည်း ဆုတောင်းပါရဲ့ရှင်၊ ဖြစ်လို့ရှိရင်တော့ ကျွန်မပြောတဲ့အတိုင်းဖြစ်ပြီးသားပါပဲ၊ ဒီကလေးလေးတော့ မိထွေးနဲ့ဘယ်တော့တည့်နိုင်ပါ့မလဲ၊ အခုတောင် သူ့စိတ်ထဲကတော့ ခင်စိန်ကြည် မုန်းလှရောပေါ့"

မစော "တော်တော့အေညည်း နောက်ထပ်မပြောနဲ့တော့၊ ငါ အစ်မကြီး သွားပြောလိုက်မယ်"

မိနှစ် "ပြောစရာလည်း မရှိပါဘူးတော်၊ ကုန်ပြီ ဒါပါပဲ"

**ဆက်လက်ဖော်ပြပါမည်။**

---

## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနၵ၌ ရုံးစာရေးသားနည်းသင်တန်းဖွင့်ပွဲကျင်းပ

တောင်ငူ ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နိုင်ငံ့ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တောင်ငူခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက ရုံးလုပ်ငန်းသဘောတရား၊ ဝင်စာများကိုအရေးယူဆောင်ရွက်ခြင်း၊ ထွက်စာများကို အရေးယူဆောင်ရွက်ခြင်း စသည်တို့ကိုသင်ကြားပြသပြီး ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်နိုင်ရေးအတွက် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များကို ထည့်သွင်းဆွေးနွေးကြောင်း သိရသည်။

ချမ်းမြေ့

---

## ညောင်လေးပင်မြို့နယ်၌ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်ပေးအပ်

ညောင်လေးပင် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ဩဂုတ်လ ၄ ရက်က ကျင်းပသည်။



ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာမြေငှားဂရန်ရရှိသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က မြေငှားဂရန်စာချုပ်များ အသီးသီးပေးအပ်ကာ ၄ က်ပျောတောကျေးရွာနေပြည်သူများ၏ ကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ၄ က်ပျောတောကျေးရွာနေ မိဘပြည်သူများ တက်ရောက်ကြောင်း သိရသည်။

(၄၁၀)

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေလျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေအများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)**

★ ရှေ့ဖုံးမှအဆက်

ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌက နှုတ်ခွန်းဆက်ဆုတောင်းစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကြီးလေးသည့်နိုင်ငံတော်တာဝန်များကို အခက်အခဲနှင့်စိန်ခေါ်မှုများကြားမှ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိမှုအပေါ် မိမိတို့အနေဖြင့် ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ကိုဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကက်သလစ်ဘာသာဝင်များအနေဖြင့် လွတ်လပ်စွာကိုးကွယ်မှုဖြင့် ဘာသာသာသနာအကျိုးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကက်သလစ်ဘာသာဝင်များ ဝတ်ပြုဆုတောင်းခြင်းများပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြေ ၂ ဧကေပေါ်တွင် ဘုရားကျောင်းဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့မှုအပေါ် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် ကက်သလစ်ဘာသာဝင်များအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာအေးချမ်းသာယာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံ၌ ဘာသာတရားနှင့် ပတ်သက်၍ ယုံကြည်ရာ ဘာသာသာသနာများအလိုက် လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများသို့သွားရောက်လှူဒါန်းမှုများနှင့် လေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ကိုးကွယ်ရာဘာသာများအလိုက် ဝတ်ပြုမည့်နေရာများအနေဖြင့် သင့်တော်သည့် ခန့်ထည်ခမ်းနားမှုများရှိရန် လိုအပ်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်းတွင် လေ့လာကြည့်မည်ဆိုပါကလည်းကိုးကွယ်ရာဘာသာရပ်များအလိုက် သာသနာပြုနိုင်ရန်အတွက် မြေနေရာများခွင့်ပြုပေးခဲ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘိုတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**❖ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သမျှသော နည်းလမ်းမျိုးစုံဖြင့် တိုင်းပြည်ငြိမ်းချမ်းမှုရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟုယုံကြည် . . .**

သည်ကိုတွေ့မြင်သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ကိုးကွယ်ရာဘာသာအလိုက်အထွတ်အမြတ်ထားရာ ဘုရားကျောင်းများတည်ဆောက်ရန်နှင့် ဝတ်ပြုရန်နေရာများအား ခန့်ခန့်ထည်ထည်ဖြစ်ပေါ်လာစေရေး မြေနေရာများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာသာသနာနှင့်ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုပြီး ဘာသာရေးအရ၊ နိုင်ငံရေးအရ ငြိမ်းချမ်းမှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သမျှသော နည်းလမ်းမျိုးစုံဖြင့် တိုင်းပြည်ငြိမ်းချမ်းမှုရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အတူယှဉ်တွဲနေထိုင်ကြသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုအတွင်း၌ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရတောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့်တောင်းဆို၍ရနိုင်မည်မဟုတ်ပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ကိုးကွယ်ရာဘာသာတိုင်းသည် မှန်ကန်သည့် အတွေးအခေါ်များပေးနိုင်ပါကြောင်း၊ ထို့ကြောင့်ဘာသာရေးဆိုင်ရာခေါင်းဆောင်နေရာသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက်ပြည်သူများ၏အတွေးအခေါ်များနှင့် စိတ်ဓာတ်များယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့်သာယာဝပြောမှုကိုဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၏ လိုအပ်ချက်များအားမေးမြန်းပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

PPIB News

# နမ့်စန်မြို့နယ် ထင်းရှူးမြိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးပေး

နမ့်စန် ဩဂုတ် ၅


ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထင်းရှူးမြိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၅ ရက်တွင် အဆိုပါကျေးရွာစုရပ်၌ ဆောင်ရွက်သည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာဆောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက စီမံကိန်းစက်ဝန်းကာလ အတိုးနှုန်းသတ်မှတ်ချက်များနှင့် လိုက်နာရမည့်စည်းကမ်းများကိုပြောကြားပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၆ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထင်းရှူးမြိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ် ၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအတွက် ငွေကျပ်၂၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ၁၆ ဒသမ ၅ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၈ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦး အတွက် ငွေကျပ် ၅၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ(ကျေးလက်)**




# မြို့သစ်မြို့နယ် အ.ထ.က(၂) ၌ ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေး



မြို့သစ် ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများ ဖလှယ်တတ်စေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၄ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အငယ်တန်းစာရေး ဦးဝေသျှံဖြိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ထက်ဝေယံက လူငယ်နှင့်ကြီးပွားရေး၊ မသွန်းရွှေစင်က လူငယ်နှင့်ကျန်းမာရေး၊ မောင်ဟန်ပိုင်ဦးက လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး၊ မဟန်သီလင်းက လူငယ်နှင့်ပညာရေး၊ မရွှန်းလဲ့လဲ့ဝေက လူငယ်နှင့်လောဘ ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသည့်ကျောင်းသား၊ကျောင်းသူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန် (ပြန်/ဆက်)**

# မချမ်းဘော့မြို့နယ် အလန်ဂါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မချမ်းဘော့ ဩဂုတ် ၅

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ အလန်ဂါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ်လ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ်၄၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလန်ဂါးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ငွေကျပ် ၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးအတွက် ငွေကျပ် ၁၀ ဒသမ ၃ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၁၀ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးအတွက် ငွေကျပ် ၄၂ ဒသမ ၁ သန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ဘလောက်ရိုက်နည်းသင်တန်းဖွင့်

ငဖဲ ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ဘလောက်ရိုက်နည်းသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၅ ရက်တွင် အဆိုပါဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက သင်တန်းသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းမှ သင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားသင်ယူကြရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင်မှသည် ဝင်ငွေတိုးပွားစေရေးအတွက် စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ ကြိုးစားလုပ်ကိုင်ကြရန် ဆွေးနွေးပြောကြားသည်။




ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ကျေးရွာအုပ်စုများမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး ဩဂုတ်လ ၅ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**




**◆ ရှေ့ဖုံးမှအဆက်**

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများ လွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဂသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကမ်းနီး / ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာနေရာသတ်မှတ်ခြင်း

**သတင်းကြေညာချက်**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သမြုချိုင့်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း(HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများအန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# သွေးတွင်းအဆီချဆေးသောက်နေရုံဖြင့် နှလုံးရောဂါလုံးဝစိတ်ချရပြီလား

**"သွေးတွင်းအဆီချဆေးများသည် နှလုံးရောဂါဖြစ်ပွားမှုကို ၁၀၀ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ခြင်းမဟုတ်ဘဲ အန္တရာယ်ကို လျှော့ချပေးခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေရှိပြီး သွေးတွင်းအဆီချဆေးကို မှန်မှန်သောက်သုံးသူ ၁၀ ဦးအနက် သုံးဦးမှာ ရောဂါမဖြစ်စေရန် ဆေးကကာကွယ်ပေးနိုင်သော်လည်း ကျန်ခုနစ်ဦးမှာမူ ဆေးသောက်နေသည့်တိုင် အောင် ရုတ်တရက် နှလုံးသွေးကြောပိတ်ခြင်းကို ဆက်လက်ခံစားရနိုင်ခြေရှိနေသေးသည်။ ထို့ကြောင့် သွေးတွင်းအဆီချဆေးသည် အန္တရာယ်ကို လျှော့ချပေးခြင်းသာဖြစ်ပြီး ရောဂါကို လုံးဝအမြစ်ပြတ်ပျောက်ကင်းသွားစေခြင်း မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည် . . ."**

ယနေ့ခေတ်တွင် နေထိုင်စားသောက်မှုပုံစံပြောင်းလဲလာခြင်းနှင့်အတူ အဝလွန်ခြင်း၊ ဆီးချို၊ သွေးတိုးရောဂါ စသည်တို့ကြောင့် အသက် ၄၀ ဝန်းကျင် လူလတ်ပိုင်းများတွင်ပါ ရုတ်တရက် နှလုံးသွေးကြောပိတ်ပြီး အသက်ဆုံးရှုံးရသည့်ဖြစ်စဉ်များ ခပ်စိပ်စိပ်တွေ့ကြုံလာရသည်။ လူအများစုမှာ "သွေးတွင်းအဆီချဆေး (Statin) သောက်နေတာပဲ ဘာမှမဖြစ်နိုင်ပါဘူး" ဟု ထင်မှတ်တတ်ကြသော်လည်း အမှန်စင်စစ် ထိုအယူအဆသည် ရာနှုန်းပြည့်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

နှလုံးသွေးကြောပိတ်ခြင်း သို့မဟုတ် ဆေးပညာအရ ရုတ်တရက် နှလုံးကြွက်သားပုပ်ခြင်း (AMI) ဟုခေါ်သည့် အခြေအနေသည် သွေးကြောအတွင်း အဆီများစုပုံလာရာမှ စတင်သည်။

**အဆီဖတ်များ စုပုံလာခြင်း (သွေးကြောကျဉ်းခြင်း)**

သွေးထဲတွင် မကောင်းသောကိုလက်စထရော (LDL) များပြားလာသောအခါ နှလုံးသို့ သွေးပို့ပေးသည့် သွေးကြောနံရံများအောက်တွင် အဆီများစုပုံပြီး အဆီခဲ၊ အဆီဖတ်များ (Plaque) ဖြစ်လာသည်။ ယင်းကို သွေးကြောကျဉ်းခြင်းဟု လူသိများသည်။

**အဆီဖတ် ပေါက်ထွက်ခြင်း**

အဆိုပါ သွေးကြောနံရံရှိ အဆီဖတ်များသည် အချိန်ကြာလာသောအခါ သွေးတိုးခြင်း၊ စိတ်ဖိစီးခြင်း စသည်တို့ကြောင့် ရုတ်တရက် မတည်မငြိမ်ဖြစ်ကာ ပေါက်ထွက်သွားတတ်သည်။

**သွေးခဲပိတ်ခြင်း**

အဆီဖတ်ပေါက်ထွက်သွားသည့်နေရာကို ခန္ဓာကိုယ်က ဒဏ်ရာရသည်ဟု ထင်မှတ်ကာ သွေးတိတ်စေရန် သွေးဥမွှားများ ချက်ချင်းလာစုစေသည်။ ထိုအခါ သွေးကြောအတွင်း ရုတ်တရက် သွေးခဲပိတ်ခြင်းဖြစ်ပွားပြီး နှလုံးကြွက်သားဆီသို့ သွေးစီးဆင်းမှု လုံးဝပြတ်တောက်ကာ ရုတ်တရက် နှလုံးရပ်ခြင်းနှင့် ချက်ချင်း အသက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

**သွေးတွင်းအဆီချဆေး (Statin) ၏ စွမ်းဆောင်ရည်နှင့် ကန့်သတ်ချက်များ**

ဆရာဝန်များ ညွှန်ကြားလေ့ရှိသည့် စတက်တင် (Statin) အမျိုးအစား သွေးတွင်းအဆီချဆေးများသည် နှလုံးရောဂါကာကွယ်နိုင်ရန် အခြေခံအုတ်မြစ်ဖြစ်သော်လည်း ကန့်သတ်ချက်များရှိနေသည်ကို သတိပြုသင့်သည်။

သွေးတွင်းအဆီချဆေးသည် သွေးတွင်းရှိ သွေးကြောပိတ်စေတတ်သော အဆီများကို ထိရောက်စွာလျှော့ချပေးခြင်း၊ သွေးကြောနံရံရှိ အဆီဖတ်များ လွယ်လင့်တကူပေါက်ထွက်မသွားစေရန် အုပ်စုဖွဲ့၍ ကျစ်လျစ်ခိုင်မာအောင် ပြုလုပ်ပေးခြင်း၊ သွေးကြောအတွင်းပိုင်း ရောင်ရမ်းမှုကို လျော့ကျစေကာ နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေကို တိုက်ရိုက်လျှော့ချပေးခြင်း စသည်ဖြင့် ကောင်းကျိုးများပေးစွမ်းနိုင်သည်။

သို့သော် သွေးတွင်းအဆီချဆေးများသည် နှလုံးရောဂါဖြစ်ပွားမှုကို ၁၀၀ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ခြင်းမဟုတ်ဘဲ အန္တရာယ်ကို လျှော့ချပေးခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေရှိပြီး သွေးတွင်းအဆီချဆေးကို မှန်မှန်သောက်သုံးသူ ၁၀ ဦးအနက် သုံးဦးမှာ ရောဂါမဖြစ်စေရန် ဆေးက ကာကွယ်ပေးနိုင်သော်လည်း ကျန်ခုနစ်ဦးမှာမူ ဆေးသောက်နေသည့်တိုင်အောင် ရုတ်တရက် နှလုံးသွေးကြောပိတ်ခြင်းကို ဆက်လက်ခံစားရနိုင်ခြေရှိနေသေးသည်။ ထို့ကြောင့် သွေးတွင်းအဆီချဆေးသည် အန္တရာယ်ကို လျှော့ချပေးခြင်းသာဖြစ်ပြီး ရောဂါကို လုံးဝအမြစ်ပြတ် ပျောက်ကင်းသွားစေခြင်း မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။

သွေးတွင်းမကောင်းသောအဆီဓာတ်ကိုချထားပြီး ဆေးမှန်မှန်သောက်နေသော်လည်း အောက်ပါအချက်များရှိပါက အသက်ငယ်ငယ်ရွယ်ရွယ်နှင့် နှလုံးသွေးကြောပိတ်ခြင်း (Premature MI) ဖြစ်နိုင်သည်။

- မိဘမျိုးရိုးကြောင့် ခန္ဓာကိုယ်ထဲတွင် မကောင်းသောအဆီဓာတ်များ မွေးရာပါ အလွန်အမင်းမြင့်မားနေတတ်သည့်ရောဂါအခံရှိခြင်း။
- အယ်လ်ပီအေ [Lp(a)] အဆီမှုန်မြင့်မားခြင်း (ဤအချက်သည် အလွန်အရေးကြီးသည်။ မျိုးရိုးဗီဇအရ သတ်မှတ်ထားသည့် အထူးအဆီမှုန်တစ်မျိုးဖြစ်ပြီး သွေးကြောနံရံတွင် အဆီပိုမိုခဲလွယ်စေရုံမျှမက သွေးခဲခြင်းကိုပါ အားပေးသည်။ အဆိုးဆုံးမှာ ပုံမှန်သွေးတွင်းအဆီချဆေး (Statin) များသည် ဤအဆီမှုန်ကို မလျှော့ချနိုင်ခြင်းဖြစ်သည်။)
- အနည်းငယ်ထိခိုက်ရုံမျှဖြင့် သွေးကြောထဲတွင် သွေးခဲလွယ်သော ရောဂါအခံရှိနေခြင်း။

**နောက်ဆုံးရကုထုံးများနှင့် ဆေးဝါးသစ်များ**

လက်ရှိ ဆေးပညာဆိုင်ရာသုတေသနများသည် သွေးတွင်းအဆီချဆေးကြောင့် အဆီကျသွားသော်လည်း ကျန်ရှိနေသေးသည့် နှလုံးရောဂါဖြစ်နိုင်ခြေကို အဓိကထားပြီးရှာဖွေကုသရန် ကြိုးပမ်းနေကြပြီဖြစ်သည်။

သွေးကြောပိတ်စေနိုင်သည့် အဆီမှုန်အရေအတွက် အတိအကျကို ပြသနိုင်သော အက်ပိုဘီ (ApoB) ဟုခေါ်သည့် ပရိုတင်းဓာတ်ကိုပါ ပူးတွဲစစ်ဆေးပြီး ပိုမိုအလေးထားကုသသင့်ကြောင်း သုတေသနများက ဖော်ပြထားကြသည်။

ကမ္ဘာ့နှလုံး အဖွဲ့အစည်းကြီးများ၏ လမ်းညွှန်ချက်အရ လူတိုင်း မိမိဘဝသက်တမ်းတွင် ဤ [Lp(a)] အဆီမှုန်ပမာဏကို အနည်းဆုံးတစ်ကြိမ် မဖြစ်မနေသွေးစစ်ကြည့်သင့်သည်ဟု တိုက်တွန်းထားသည်။ သို့မှသာ မိမိတွင် မျိုးရိုးလိုက်နှလုံးရောဂါအန္တရာယ် ရှိ၊ မရှိ စောစီးစွာသိနိုင်မည်ဖြစ်သည်။

**သွေးကြောရောင်ရမ်းမှုကို ကုသခြင်း**

အဆီဓာတ်ပုံမှန်ဖြစ်သော်လည်း သွေးကြောရောင်ရမ်းမှုညွှန်းကိန်း (hs-CRP) မြင့်နေပါက နှလုံးရောဂါထပ်ဖြစ်နိုင်သည်။ ထို့ကြောင့် ယခုနောက်ပိုင်းတွင် ရောင်ရမ်းမှုကျစေရန် ကုန်ကျစရိတ်သက်သာသော ကိုလ်ချီစင်း (Colchicine) ဆေးဝါးကို ပူးတွဲထည့်သွင်းကုသလာကြသည်။

**ပေါ်ထွက်လာသော ခေတ်မီဆေးဝါးသစ်များ**

အဆင့်မြင့် သွေးတွင်းအဆီချထိုးဆေးများ (PCSK9 Inhibitors) သည် သောက်ဆေးဖြင့် အဆီမကျသူများ သို့မဟုတ် ဆေးနှင့်မတည့်သူများအတွက် အလွန်ထိရောက်သော အဆီချထိုးဆေးသစ်များဖြစ်သည်။

နှလုံးကာကွယ်ပေးသော ဝိတ်ကျဆေးများ (GLP-1) သည် ဝိတ်ကျဆေးအဖြစ် လူသိများသော်လည်း အဝလွန်ပြီး နှလုံးရောဂါအခံရှိသူများတွင် နှလုံးသွေးကြောပိတ်ခြင်းနှင့် သေဆုံးနိုင်ခြေကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။

မျိုးရိုးလိုက် [Lp(a)] ကို ၉၀ ရာခိုင်နှုန်းကျော်အထိ ချပေးနိုင်မည့် မျိုးရိုးဗီဇအဆင့်မြင့်ဆေးဝါးသစ်များသည်လည်း မကြာမီ ပေါ်ထွက်လာတော့မည်ဖြစ်သည်။

**လုပ်ဆောင်ရန်အချက်များ**

ခေတ်မီဆေးဝါးအသစ်များ မည်မျှပင်ကောင်းမွန်လာစေကာမူ အောက်ပါ နေထိုင်မှုပုံစံပြောင်းလဲခြင်းမရှိပါက နှလုံးကျန်းမာရေးကို ရေရှည်မကာကွယ်နိုင်ပေ။

**ဆေးပုံမှန်သောက်ပါ** – မိမိသဘောဖြင့် သွေးစစ်ချက်ကောင်းရုံမျှနှင့် သွေးတွင်းအဆီချဆေးကို လုံးဝမရပ်ပါနှင့်။

**ကျန်းမာရေးနှင့် ညီညွတ်အောင်စားပါ**– ဆီကြော်စာ၊ အဆီအအိမ့်၊ အမဲသား၊ ဝက်သား၊ အချိုလွန်ကဲသော အစားအစာများနှင့် အချိုရည်များကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

**လေ့ကျင့်ခန်းလုပ်ပါ** – တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ ခန့် သို့မဟုတ် တစ်ရက်လျှင် မိနစ် ၃၀ မျှ ကိုယ်လက်လှုပ်ရှားမှုနှင့် လမ်းသွက်သွက်လျှောက်ခြင်းပြုလုပ်ပါ။

**အဝမလွန်ပါစေနှင့်** – မိမိ၏ခန္ဓာကိုယ်အလေးချိန်ကို ပုံမှန်အဆင့်အတွင်းရှိနေအောင် ထိန်းသိမ်းပါ။

**အဆိပ်အတောက်များဖြတ်ပါ** – ဆေးလိပ်၊ ကွမ်း၊ အရက်နှင့် မူးယစ်ဆေးဝါးများကို လုံးဝစွန့်လွှတ်ပါ။

**အိပ်ရေးဝဝအိပ်ပါ** – အိပ်စက်ခြင်းအရည်အသွေး ကောင်းမွန်ခြင်းသည် နှလုံးနှင့် သွေးကြောများကို ပြန်လည်ပြုပြင်ပေးနိုင်သည်။

နှလုံးသွေးကြောကျဉ်း ရောဂါသည် ကြိုတင်ကာကွယ်၍ရသော ရောဂါဖြစ်သည်။ ဆရာဝန်များပေးထားသည့် သွေးတွင်းအဆီချဆေးများသည် အသက်ပေါင်းများစွာကို ကာကွယ်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် မိမိတွင်ရှိနေနိုင်သည့် တခြားသောကွယ်ဝှက်အန္တရာယ်များကိုပါ ဆရာဝန်နှင့် သေချာစွာတိုင်ပင်ဆွေးနွေးစစ်ဆေးရမည်ဖြစ်သည်။ ဆေးမှန်မှန်သောက်ကာ နေထိုင်မှုပုံစံကို စနစ်တကျ ပြောင်းလဲနေထိုင်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သောလူ့သက်တမ်းကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာအောင်ညွန့်ပိုင်

---

## တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသပေးခြင်းများဆောင်ရွက်

ကျောက်ပန်းတောင်း ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တိုင်းရင်းဆေးကုဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ဗဟုသုတ ကြွယ်ဝစေရန်နှင့် ကျန်းမာရေးကောင်းမွန်စေရန်ရည်ရွယ်၍ ဩဂုတ်လ ၅ ရက်တွင် ကျောက်ပန်းတောင်းမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း (စံပြ) သို့ကွင်းဆင်း၍ ဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်တိုင်းရင်းဆေးကုဌာန ဌာနမှူး ဒေါ်သင်းသင်းဦးက ကျန်းမာရေး အသိပညာပေးအကြောင်း ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က ကလေးအလုပ်သမားပပျောက်ရေးနှင့် ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြသန္တာထွန်းက ကုန်အညွှန်းအမှတ်အသားများအကြောင်းနှင့် စားသုံးရန်မသင့်သောဆိုးဆေးများအကြောင်း ဟောပြောသည်။


ထို့နောက် စာအုပ်ပြပွဲတွင် သုတ၊ ရသ စာအုပ်များနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။



ယင်းနောက် ခရိုင်တိုင်းရင်းဆေးမှူးနှင့် ဒုတိယခရိုင် တိုင်းရင်းဆေးမှူးတို့က ကျောင်းသား၊ ကျောင်းသူ ၆၅ ဦးတို့အား တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

သဲသဲ(မြန်/ဆက်)

# ကွဲ့ရှင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် ဩဂုတ် ၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ကွဲ့ရှင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၄ ရက်တွင်ကျင်းပကြောင်း သိရသည်။

ဦးစွာ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်နှင့် Grade-11 မှ မဂျူလိုင်မိုးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade-11မှ မလင်းလတ်ဟေသီက လူငယ်နှင့် ပညာရေး၊ Grade-9 မှ မနန္ဒာချမ်းငြေးက လူငယ်နှင့်ကျန်းမာရေး၊ Grade-8 မှ မရှင်းသန့်ကြည်က လူငယ်နှင့်စာရိတ္တ စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးဇော်မျိုးဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်ပြဘုတ်များပြသခြင်းနှင့် သုတရသ စာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

(၄၀၂)

## မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ဆက်လက်ထုတ်ချေးပေး

ကျောက်ဆည် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ ကြွေးမြီကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရာတွင် ဩဂုတ်လ ၄ ရက်အထိ ကျေးရွာအုပ်စု ၆၄ အုပ်စုမှ တောင်သူ ၂၇၆၁ ဦး၏ စပါးသီးနှံ ၁၁၁၉၅ ဧက၊ ပဲစင်းငုံဧက ၁၂၃၀၊ နှမ်းသီးနှံ ၁၁ ဧက၊ ချည်မျှင်ရှည်ဝါသီးနှံ ၁၀၉ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၃၆၉၆၀ ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲအနေဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



## တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဇူလိုင်လကုန်အထိ မိုးစပါး ဧက ၁၆၆၃၀၀ စိုက်ပျိုးပြီးဖြစ်

မြိတ် ဩဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးစပါးစိုက်ရာသီတွင် ၂၂၂၄၇၆ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ဇူလိုင်လကုန်အထိ မိုးစပါး ဧက ၁၆၆၃၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် တစ်ဧက မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာ ဧက ၂၈၂၀ ဆောင်ရွက်ကာ မျိုးစပါးတင်း ၂၈၂၀၊ သဘာဝမြေဩဇာအိတ် ၂၈၂၀ နှင့် ဓာတ်မြေဩဇာအိတ် ၁၄၁၀ တို့ ဖြန့်ဖြူးဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မိုးစပါးဧက ၂၇၇၈၀ လျာထားဆောင်ရွက်လျက်ရှိကာ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲနိုင်ရန် မိုးစပါးမျိုးစေ့ထုတ် RS-CS ဧက ၅၀၀၊ ခေါင်နံ့မျိုးသန့်မျိုးပွားခြင်း ဧက ၆၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ယခုလက်ရှိတွင် ကျော်ဇေယျ၊ ရွှေဝါထွန်း၊ ဆင်းသွယ်လတ်၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ GW-11၊ သီးထပ်ရင်၊ ရောပဒေသာ-၁၂၊ ရက်၉၀၊ မနောသုခ၊ နံ့ကောက်၊ ရွှေဘို(၁)၊ မှော်ဘီ(၃)၊ GW-18 အထွက်ကောင်းမျိုး စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် ဒေသမျိုး (ကောက်ညှင်း၊ စပါးလုံးနီ၊ ခေါက်မလိ၊ ခေါက်ဒင် (တောင်ယာ)၊ ငစိန်၊ အာစီရွှေး၊ ကမာကြည်တို့အပြင် အရည်အသွေးကောင်းမျိုးများဖြစ်သည့် ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ မီးဒုံး၊ ရောမင်း၊ မှော်ဘီ (၂)တို့ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ယခင် ၂၀၂၅ - ၂၀၂၆ ခုနှစ်တွင် မိုးစပါး ၂၂၂၉၁ ဧကစိုက်ပျိုးခဲ့ရာ ပျမ်းမျှတစ်ဧကအထွက်နှုန်းမှာ ၇၃ ဒသမ ၈၀ တင်း ထွက်ရှိခဲ့ကြောင်းနှင့် ယခု ၂၀၂၆ - ၂၀၂၇ ခုနှစ်တွင် ၂၂၂၄၇၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ ဇူလိုင်လကုန်အထိ မိုးစပါးဧက ၁၆၆၃၀၀ စိုက်ပျိုးပြီးဖြစ်သည်။

စားရေရိက္ခာဖူလုံပေါ်များရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၈-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

## မူးယစ်ရန်ငုတ် မြစ်ပြုတ်တွန်းလှန်

✦ ဗုဒ္ဓရှင် ဟောဖော်နှုတ်
မင်္ဂလသုတ် ဒေသနာတွင်။
မူးယစ်စေ သုရာများ
ရှောင်ရှားပါလျှင်။
ကောင်းမြတ်သော မင်္ဂလာပင်
ထာဝစဉ် မှတ်သား။
အစဉ်သာ မလေ့မပျက်ပြားပါဘဲ
မင်္ဂလာ နေ့ရက်များကို
ကြိုးစားကာ ထုဆစ်ဖို့
မူးယစ်ဆို ဆေးအဆိပ်
ဘေးချိတ်ရှောင်ရှား။

✦ ဆေးလိပ်နဲ့ ကွမ်းယာ အရက်
နောက်တစ်ချက် ယစ်ဆေးစုံ။
စိတ်ရောကိုယ် တလွဲငြိ
စွဲမိပါတုံ။
ကြီးဒုက္ခ အဖုံဖုံ
ကြုံရမည် မှန်မလွဲ။
နောက်ဆုံးခါ မရဏ
မြန်းရမည်ပဲ။

✦ မူးယစ်ဆို အဆိပ်ဆေး
ဝေးဝေးက ရှောင်ကြဉ်လေ။
နိုင်ငံရဲ့ အရန်အင်အား
များလူငယ်တွေ။
အားကစား လှုပ်ရှားမသွေ
စာပေကို လေ့လာဖတ်။
ဘဝအားမာန်
ဗလငါးတန် ထူတံခွန်နဲ့
တိုင်းပြည်ဝန် ကျေဖို့မှန်း
လမ်းကြောင်းတည့်မတ်။

✦ မူးယစ်ဆေး အဆိပ်မှိုင်း
လူတိုင်းက ကင်းဝေးရန်။
လူတိုင်းမှာ တာဝန်ရှိ
သတိတမံ။
တူလက်တွဲ မြဲမြဲမြံ
အားသွန်ကာ နောက်မဆုတ်။
လှည်းနေ လှေအောင်း
မြင်းဇောင်းဖြင့် ဘယ်မကျန်
တွန်းလှန်ကာ အမြစ်ဖြုတ်
မူးယစ်ရန်ငုတ်။ ။

မောင်ယုလွင်(သပြေ)

➢ **ကျောဖုံးမှအဆက်**

တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်းပြီး အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ခဲ့ကြသည့်အတွက် လူ့အသေအပျောက်တစ်စုံတစ်ရာမရှိဘဲ အောင်မြင်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတကလည်း သဘာဝဘေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဧရာဝတီနှင့် ငဝန်မြစ်ရိုးတစ်လျှောက်ရှိ တာများကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရန်၊ ရေကင်းများစနစ်တကျချထားဆောင်ရွက်ရန်နှင့် ထူးခြားမှုရှိပါက ပြည်သူလူထုကို အသိပေးနိုင်သည့်စနစ်ထူထောင်ထားရှိရန်လိုအပ်ပါကြောင်း၊ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်နိုင်ရန် မြစ်ကြောင်းများတွင်အနိမ့်တမံများလည်းတည်ဆောက်နိုင်ပါကြောင်း။

ရေကြီးရေလျှံမှုကြောင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ သောက်သုံးရေစနစ်များကို အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ကဏ္ဍအလိုက်စီမံပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများတွင် စပါးပြန်လည်စိုက်ပျိုးရန်နှင့် အချိန်မမီပါက အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများ၊ လိုအပ်သည့်ထောက်ပံ့ကူညီမှုများနှင့် နည်းပညာများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းစီစဉ်ပေးသွားမည်ဖြစ်ကြောင်း။

ကျောင်းဖွင့်ရာသီဖြစ်သောကြောင့် ရေပြန်လည်ကျချိန်တွင် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာတမံများ၊ မြစ်ကမ်းများ၏တောင့်တင်းခိုင်မာမှုနှင့် ကြံ့ခိုင်မှုတို့အတွက် ရေတိုအစီအမံများနှင့် ရေရှည်ဆောင်ရွက်မည့်အစီအမံများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့်အခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးပေးကြရန်နှင့် မိမိတို့တိုင်းဒေသကြီးအတွင်းရှိကားလမ်း၊ ရထားလမ်းပိုင်းများအား ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရန်နှင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးအထောက်အကူပြု ကုသမှုဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ရေငန်ဝင်ရောက်လေ့ရှိသည့် လယ်ယာများတွင် ရေငန်တားတာများကို ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

# တီးတိန်မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းပေါင်း ၁၁၅ ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူ ၁၃၀၆၂ ဦး ပညာသင်ကြားပေးလျက်ရှိ



တီးတိန် ဩဂုတ် ၅

တီးတိန်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၁၅ ကျောင်းဖွင့်လှစ်ထားရှိပြီး ဆရာ၊ ဆရာမ ၆၈၇ ဦးတို့က ကျောင်းသား၊ ကျောင်းသူ ၁၃၀၆၂ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(တီးတိန်)၌ လက်တွေ့သင်ကြားနေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်သောကျောင်းသား၊ကျောင်းသူများသည် ဗလငါးတန်နှင့်ပြည့်စုံရမည်ဖြစ်ကြောင်း၊ Grade-10 မှစ၍ စက်မှုပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို ရွေးချယ်သင်ကြားနိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးထားသဖြင့် မိမိတို့ဝါသနာပါသည့် ပညာရပ်များကို လေ့လာသင်ယူခွင့်ရရန် ကြိုးစားကြစေလိုကြောင်းပြောကြား၍ကျောင်းသား၊ကျောင်းသူများအတွက် မုန့်နှင့် အချိုရည်များပေးအပ်သည်။

ထို့ပြင် တီးတိန်မြို့ ခုတင် - ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့်လူနာများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ မီးဖွားမိခင်များကို ထောက်ပံ့ငွေများပေးအပ်သည်။

တီးတိန်မြို့ ခုတင်- ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန် အပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၆၆ ဦးတို့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ်ဇန်နဝါရီလမှစ၍ ယနေ့အထိ လူနာပေါင်း ၁၂၆၆၅ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မကွေးမြို့ ကမ်းနားလမ်း၌ River View Point Pavilion ဆောက်လုပ်လျက်ရှိ



မကွေး ဩဂုတ် ၅

မကွေးတိုင်းဒေသကြီးမကွေးမြို့ကမ်းနားလမ်း၌ အများပြည်သူ အနားယူအပန်းဖြေနိုင်ရန် River View Point Pavilion ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ River View Point Pavilion ကို မကွေးမြို့ပြအင်္ဂါရပ်နှင့်အညီ မြစ်ကမ်းနားမြေကွက်လပ်များအား စနစ်ကျ၍ လှပသန့်ရှင်း သာယာပြီး လုံခြုံဘေးကင်းသည့် နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့် ညနေခင်းအချိန်များတွင် သဘာဝတရားနှင့်ထိတွေ့ကာ အနားယူအပန်းဖြေရန်နှင့် ဧရာဝတီမြစ်ကမ်းအလှကိုအခြေခံ၍ ခရီးသွားများကိုဆွဲဆောင်နိုင်မည့် မြို့ပြ၏ အထင်ကရနေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း စံချိန်စံညွှန်းမီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

ထို့ပြင် ကွန်ပျူတာတက္ကသိုလ်(မကွေး)ရှိ စက်ခန်းများ ၊ Lab ခန်းများ၊ တက္ကသိုလ်စာကြည့်တိုက်နှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကိုကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မကွေးပညာရေးဒီဂရီကောလိပ်ရှိ သိပ္ပံလက်တွေ့ဆောင်၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း (ICT Room)နှင့် စာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ပြည်ပပို့ကုန်သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧက စိုက်ပျိုးထား

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန် သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧကကို စိုက်ပျိုးလျာထားဧကထက် ကျော်လွန်၍ စိုက်ပျိုးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချက်ကြံကို တိုက်ကြီးမြို့နယ်အတွင်းရှိ ဂုံညင်းတန်း၊ ကျွဲဘုတ်၊ မာဂရီ၊ ချင်းကုန်း၊ ဥက္ကံ မျိုးပွားခြံတို့တွင် စိုက်ပျိုးကြပြီး နိုင်ငံခြားမျိုးများဖြစ်သည့် K95/84၊ KK-3၊ K2000/89 မျိုးစိတ်များနှင့် စိုက်ပျိုးရေးသုတေသနမှထုတ်လုပ်သည့် Dar-4 အထွက်ကောင်း ချက်ကြံမျိုးစိတ်တို့ကို မိုးသီးနှံအဖြစ် စိုက်ပျိုးထားကာ ယမန်နှစ်နိုဝင်ဘာလက စိုက်ပျိုးခဲ့သည့်ကြံခင်းများကို အောက်တိုဘာလကုန်ပိုင်းတွင် စတင်၍ ရိတ်သိမ်းမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း စားကြံကိုစိုက်ပျိုးမှုများကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ကြံကနေ တင်လဲရည်ကို ပြည်တွင်းမှာ အသုံးပြုပြီး သကြားကို ပြည်ပပို့တာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ချက်ကြံ ၃၃၈၀ ဧကနှင့် စားကြံ ၅၀၇ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းတွင် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧကကို လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

စားကြံကို ရန်ကုန်မြို့တွင် ကြံရည်အဖြစ်ဆောင်းရာသီတွင် ရောင်းချလေ့ရှိပြီး ချက်ကြံကို တင်လဲရည်ထုတ်လုပ်၍ အဖျော်ယမကာနှင့်အခြားစားသောက်ကုန်ထုတ်လုပ်ရာ၌အသုံးပြုကာ ချက်ကြံရည်ကိုကြိုချက်ရာမှ သကြားထုတ်လုပ်မှုဖြင့် ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့ကြောင်း သိရသည်။

သစ္စာ(MNA)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၅

ယနေ့ နံနက် ၆ နာရီ ၄၁ မိနစ် ၅၇ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုလဲမြို့၏အနောက်ဘက် ၂၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၂ ဒီဂရီ၊ အနက် ၈၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၉(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်။

(မိုး/ဇလ)

# သုတေသနအလင်းရောင်

**မြတ်မင်းဦး(ကာယ၊ ကျောင်းကျန်းမာ)**

၂၁ ရာစု နည်းပညာနှင့်အသိပညာအခြေပြုခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစွမ်းပကားကို ထိုနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝမှုတွင်သာမက **“အသိပညာအခြေပြု စီးပွားရေးစနစ်”** နှင့် လူသားအရင်းအမြစ်များ၏ တီထွင်ဖန်တီးနိုင်စွမ်းရှိမှုအပေါ်တွင်ပါ တိုင်းတာလာကြပြီဖြစ်သည်။ ထိုသို့သော အသိပညာရှင်၊ အတတ်ပညာရှင်များကိုမွေးထုတ်ပေးရာ ပင်မရေသောက်မြစ်မှာ အဆင့်မြင့်တက္ကသိုလ်ပညာရေး (Higher Education)ပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်စွမ်းအား၊ စီးပွားရေးအင်အားနှင့် လူမှုစီးပွားဘဝတည်ငြိမ်မြင့်မားမှုတို့သည် ထိုနိုင်ငံတွင်ရှိသော တက္ကသိုလ်များ၏ အရည်အသွေးအပေါ် တိုက်ရိုက်မှီတည်နေသည်။ တက္ကသိုလ်ဟူသည် စာအုပ်ထဲမှ အသိပညာများကို မျိုးဆက်တစ်ခုမှတစ်ခုသို့ ပြန်လည်ပို့ချပေးရုံမျှ သက်သက်မဟုတ်ဘဲ လူသားမျိုးနွယ်စုနှင့် မိမိတို့နိုင်ငံတော်အတွက် အသိပညာသစ်များ၊ ဆန်းသစ်တီထွင်မှုများကို အစဉ်မပြတ်မွေးဖွားပေးရာ ချက်မြှုပ်ဒေသဖြစ်သည်။ ထိုသို့အသိပညာသစ်များ ရှာဖွေဖော်ထုတ်ရာတွင် အဓိကမောင်းနှင်အားမှာ **“သုတေသန (Research)”** ပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရာတွင် ပညာရေးကဏ္ဍ၏အခန်းကဏ္ဍကို အလေးအနက်ထားရှိကာ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသည့် အမျိုးသားရေးဆောင်ပုဒ်ကိုချမှတ်၍ စဉ်ဆက်မပြတ်ပံ့ပိုးကူညီလျက်ရှိသည်။

ဤလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ကျင်းပခဲ့သည့် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနားသုတေသနစာတမ်းဖတ်ပွဲနှင့် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ဖွင့်လှစ်ကျင်းပသော ပညာရေးဝန်ကြီးဌာန ရက်(၁၀၀)စီမံကိန်း၏သုတေသနနှင့် ဆန်းသစ်တီထွင်မှုဖိုရမ်တို့က သက်သေပြနေသည်။ အဆိုပါအခမ်းအနားတွင် စုစုပေါင်း သုတေသနစာတမ်း ၆၃ စောင်ကို ဖတ်ကြားတင်ပြခဲ့ကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်အားပေးခဲ့သည်။

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးများ၏အောင်မြင်မှုကို လေ့လာကြည့်ပါက သုတေသနအင်အားတောင့်တင်းမှုကို အခြေခံထားကြောင်း ထင်ရှားစွာတွေ့ရမည်။ ကမ္ဘာ့တက္ကသိုလ်များ အဆင့်သတ်မှတ်ချက် (QS World University Rankings နှင့် Times Higher Education Rankings) များတွင် ထိပ်ဆုံးမှ ပြေးနေသည့် Massachusetts Institute of Technology (MIT)၊ Harvard နှင့် Stanford ကဲ့သို့သော တက္ကသိုလ်များသည် သုတေသနရလဒ်ကောင်းမွန်မှု၊ နိုင်ငံတကာပညာရှင်များ၏ ကိုးကားခံရမှု (Citations)နှင့် တီထွင်ဆန်းသစ်မှု (Innovation) တို့ကြောင့်သာ ကမ္ဘာ့ခေါင်းဆောင်တက္ကသိုလ်ကြီးများအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ် (World Bank)၏ ၂၀၂၁ ခုနှစ် အထူးအစီရင်ခံစာဖြစ်သော “The Promise of Higher Education: Essays on the Future of Tertiary Education” တွင် အဆင့်မြင့်ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်စွမ်းအားကိုမြှင့်တင်ရန်နှင့် ဆင်းရဲမှုကိုလျှော့ချရန်အတွက် သုတေသနလုပ်ငန်းများကို မရှိမဖြစ် တွန်းအားပေးရမည်ဟု အလေးအနက်ထောက်ပြထားသည်။ ထို့ပြင် ယူနက်စကို (UNESCO)၏ သိပ္ပံအစီရင်ခံစာများအရ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၎င်းတို့၏ ဂျီဒီပီ (GDP) ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိကို သုတေသနနှင့်ဖွံ့ဖြိုးရေး (R&D)ကဏ္ဍတွင် ထည့်သွင်းရင်းနှီးမြှုပ်နှံကြကြောင်း သိရသည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် တက္ကသိုလ်များမှတစ်ဆင့် နိုင်ငံ၏ နည်းပညာနှင့် စီးပွားရေးကို တစ်ဟုန်ထိုးတိုးတက်စေခဲ့သည်။

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနယဉ်ကျေးမှု (Research Culture) ခိုင်မာစွာ ထွန်းကားလာစေရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းများ (National Education Strategic Plan – NESP) ကို ချမှတ်ကာ မဟာဗျူဟာမြောက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

**သုတေသနရန်ပုံငွေဘတ်ဂျက် တိုးမြှင့်ချထားပေးခြင်း**

ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်နိုင်စေရန်အတွက် နှစ်စဉ်သုတေသနရန်ပုံငွေ (Research Grants)များကို တိုးမြှင့်ချထားပေးလျက်ရှိသည်။ အထူးသဖြင့် ဘွဲ့လွန်သင်တန်းများဖြစ်ကြသည့် မဟာဘွဲ့ (Master) နှင့်ဒေါက်တာဘွဲ့ (PhD)သင်တန်းသားများ၏ ကျမ်းပြုသုတေသနလုပ်ငန်းများ၊ ဆရာ၊ ဆရာမများ၏ သုတေသနစီမံကိန်းများအတွက် ပညာရေးရန်ပုံငွေထဲမှ ဦးစားပေးပံ့ပိုးလျက်ရှိသည်။

**သုတေသနစာတမ်းဖတ်ပွဲများနှင့် ဂျာနယ်များ အဆင့်မြှင့်တင်ခြင်း**

လက်ရှိတွင် ပြည်တွင်းရှိ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် နှစ်စဉ် သုတေသနစာတမ်းဖတ်ပွဲများ (Research Conferences)နှင့် နှီးနှောဖလှယ်ပွဲများကို ပုံမှန်ကျင်းပပေးလျက်ရှိသည်။ တက္ကသိုလ်အလိုက်ထုတ်ဝေသော သုတေသနဂျာနယ်များ (Research Journals)ကိုလည်း နိုင်ငံတကာအဆင့်မီစေရန်နှင့် Peer-Reviewed စနစ်ဖြစ်စေရန် အရည်အသွေးစိစစ်မှုများ ပြုလုပ်လျက်ရှိသည်။

**သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနများနှင့် ချိတ်ဆက်မှု**

အဆင့်မြင့်ပညာဦးစီးဌာနသည် ဆန်းသစ်တီထွင်မှုများကို အားပေးရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) စသည့် ပြည်တွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ နိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်းများအတွက် လက်တွေ့အသုံးချနိုင်မည့် မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ သုတေသနများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

တက္ကသိုလ်တစ်ခုတွင်သုတေသနမရှိပါက ပညာရေးသည် စီးဆင်းမှုမရှိဘဲ တန့်နေသည့် ရေအိုင်ပုပ်ကဲ့သို့ ဖြစ်သွားတတ်သည်။ သုတေသနပြုလုပ်ခြင်းသည် ပါမောက္ခ၊ ကထိကနှင့် ဆရာ၊ ဆရာမများအတွက်မိမိတို့ သင်ကြားနေသောဘာသာရပ်ကို အမြဲတစေ ခေတ်မီဆန်းသစ်နေစေရန် ကူညီပေးသည်။ သုတေသနမလုပ်သော ဆရာတစ်ဦးသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကရေးခဲ့သည့် မှတ်စု(Notes)အဟောင်းများကိုသာ နှစ်စဉ် ပုံသေပြန်လည်သင်ကြားနေရသကဲ့သို့ ဖြစ်နေတတ်ပြီး သုတေသနလုပ်သော ဆရာမူကား ကမ္ဘာ့နောက်ဆုံးပေါ် ရှာဖွေတွေ့ရှိချက်များကို မိမိသင်ခန်းစာတွင် ထည့်သွင်းပို့ချပေးနိုင်မည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအတွက်မူ သုတေသနသည် အလွတ်ကျက်မှတ်ရုံ ဉာဏ်ပညာစနစ်မှ ခွဲထွက်စေပြီး ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်၊ ပြဿနာကို လက်တွေ့ကျကျဖြေရှင်းနိုင်စွမ်းနှင့် တစ်သက်တာ ကိုယ်တိုင်လေ့လာသင်ယူနိုင်စွမ်းတို့ကို ပျိုးထောင်ပေးသည်။ ဘွဲ့လွန်သင်တန်းများတွင် အရည်အသွေးရှိသောသုတေသနကျမ်းများ မထုတ်လုပ်နိုင်ပါက အဆိုပါဘွဲ့များ၏တန်ဖိုးသည် လျော့နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် သုတေသနသည် တက္ကသိုလ်များ၏ ပညာရေးစံနှုန်းကို ထိန်းညှိပေးသည့် အစွမ်းထက်ဆုံးသော အသက်သွေးကြောပင်ဖြစ်သည်။

**✤ ကျောင်းသား၊ ကျောင်းသူများအတွက်မူ သုတေသနသည်အလွတ်ကျက်မှတ်ရုံ ဉာဏ်ပညာစနစ်မှခွဲထွက်စေပြီး ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်၊ ပြဿနာကို လက်တွေ့ကျကျဖြေရှင်းနိုင်စွမ်းနှင့် တစ်သက်တာကိုယ်တိုင်လေ့လာသင်ယူနိုင်စွမ်းတို့ကို ပျိုးထောင်ပေးသည်။ ဘွဲ့လွန်သင်တန်းများတွင် အရည်အသွေးရှိသော သုတေသနကျမ်းများ မထုတ်လုပ်နိုင်ပါက အဆိုပါဘွဲ့များ၏တန်ဖိုးသည် လျော့နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် သုတေသနသည် တက္ကသိုလ်များ၏ပညာရေးစံနှုန်းကို ထိန်းညှိပေးသည့် အစွမ်းထက်ဆုံးသော အသက်သွေးကြောပင်ဖြစ် . . .**

**“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဆိုသည့်အတိုင်း ပညာရေးမှတစ်ဆင့် နိုင်ငံတော်ကို အကျိုးပြုရန်အတွက်အဆင့်မြင့်ပညာရေး၏သုတေသနသည် စာတမ်းဖတ်ပွဲကျင်းပရုံ၊ ဘွဲ့ယူရုံမျှဖြင့် မပြီးဆုံးသင့်ဘဲ မိမိနိုင်ငံ၏ လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်သည့် လက်တွေ့အသုံးချသုတေသန (Applied Research)များဖြစ်ရန်လည်း အလွန်အရေးကြီးသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သဖြင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ၊ သိပ္ပံတက္ကသိုလ်များမှ ရာသီဥတုဒဏ်ခံနိုင်သော မျိုးစေ့များ၊ သဘာဝမြေဩဇာများနှင့် ပိုးမွှားကာကွယ်ရေး နည်းပညာသစ်များကို သုတေသနပြုဖော်ထုတ်ပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို တိုက်ရိုက်မြှင့်တင်ပေးနိုင်သည်။

**စက်မှုနှင့် အင်ဂျင်နီယာကဏ္ဍ**

နည်းပညာတက္ကသိုလ်များကလည်း ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သော လျှပ်စစ်စွမ်းအင်ချွေတာရေးစနစ်များ၊ အခြေခံအဆောက်အအုံခိုင်ခံ့ရေး သုတေသနများနှင့် ဒေသတွင်း ကုန်ကြမ်းသုံး တီထွင်မှုများကိုဆောင်ရွက်ပေးရမည်။

**ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကဏ္ဍ**

ဆေးတက္ကသိုလ်များနှင့်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၏ ပူးပေါင်းသုတေသနများမှတစ်ဆင့် ပြည်တွင်းဖြစ်တိုင်းရင်းဆေးဝါးများ အဆင့်မြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ခြင်းဆိုင်ရာသုတေသနများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဤသို့ဖြင့် တက္ကသိုလ်များသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍစုံကို သုတေသနရလဒ်များဖြင့် ကျောထောက်နောက်ခံ ပြုပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အဆင့်မြင့်ပညာကဏ္ဍတွင်သုတေသနလုပ်ငန်းများ နိုင်ငံတကာအဆင့်သို့ တက်လှမ်းနိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတွန်းအားပေးနိုင်ရန် အောက်ပါအချက်များကို အလေးထားဆောင်ရွက်သွားသင့်သည်။

**နိုင်ငံတကာနှင့် ပူးပေါင်းသုတေသနပြုခြင်း**

ပြည်ပမှ ထိပ်တန်းတက္ကသိုလ်များနှင့်ပူးပေါင်း၍ ပူးတွဲသုတေသနစီမံကိန်းများ (Joint Research Projects) လုပ်ဆောင်ခြင်း၊ အပြန်အလှန်ပညာတော်သင်စေလွှတ်ခြင်းများကို တိုးမြှင့်ရမည်။

**သုတေသနပတ်ဝန်းကျင်ကောင်း ဖန်တီးပေးခြင်း**

စာတမ်းကောင်းများ၊ တီထွင်မှုများ ပြုလုပ်နိုင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသားများကို ထိုက်တန်သော ရာထူးတိုးမြှင့်မှု၊ ဂုဏ်ပြုဆုကြေးငွေချီးမြှင့်မှု (Incentives & Awards) စနစ်များကို စနစ်တကျကျင့်သုံးရမည်။

**ဒီဂျစ်တယ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်း**

နိုင်ငံတကာ သုတေသနဂျာနယ်များနှင့် e-Books များကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်မည့် e-Library နှင့် အဆင့်မြင့် အင်တာနက်ကွန်ရက်စနစ်များကို တက္ကသိုလ်တိုင်းတွင် အမြဲမပြတ် တည်ဆောက်ပေးရမည်။

“သုတေသန” သည် အဆင့်မြင့်ပညာရေးကဏ္ဍကို အားမာန်အပြည့်ဖြင့် လည်ပတ်စေသည့် အသက်သွေးကြောစစ်စစ်ဖြစ်သည်။ သုတေသနလုပ်ငန်းများ ရှင်သန်မနေပါက ထိုနိုင်ငံ၏ အဆင့်မြင့်ပညာရေးသည်လည်း တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့နောက်တွင် နောက်ကျကျန်ရစ်နေပါလိမ့်မည်။

မိမိတို့ မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တွေးခေါ်ရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန် တက္ကသိုလ်များ၏ သုတေသနစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းသည်သာ အကောင်းဆုံးသောလမ်းစဉ်ဖြစ်သည်။

**“နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့”** ဟူသည့် အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ကြီးဌာန၏ တွန်းအားပေးမှု၊ တက္ကသိုလ်အသီးသီးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်အားထက်သန်မှုတို့ ဟန်ချက်ညီညီပေါင်းစပ်ကာ အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနယဉ်ကျေးမှုကို ခိုင်မာစွာအမြစ်တွယ်စေခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို သုတေသနအလင်းရောင်ဖြင့် လှပအောင် ပုံဖော်ထုဆစ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါတော့သည်။ ။

**ကိုးကား –**

**World Bank (2021). The Promise of Higher Education: Essays on the Future of Tertiary Education. Washington, DC: World Bank.**

**UNESCO (2021). UNESCO Science Report: The race against time for smarter development. Paris: UNESCO Publishing.**

**QS World University Rankings (2025/2026). Methodology and Research Impact Criteria.**

**မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (National Education Strategic Plan – NESP) စာတမ်းများနှင့် နှစ်ချုပ်အစီရင်ခံစာများ။**

**မြန်မာ့အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်များ၏ နှစ်ပတ်လည်သုတေသနစာတမ်းဖတ်ပွဲမှတ်တမ်းများနှင့် ပြည်တွင်းပညာရေးသုတေသန ဆန်းစစ်ချက်များ။**

# ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးလှူဒါန်း

မြဝတီ သြဂုတ် ၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်တိုးတက်မှု၊ သင်ယူမှုစွမ်းအားတိုးတက်လာမှုနှင့် ကျန်းမာရေးကောင်းမွန်စေရန် ရည်ရွယ်၍ ယနေ့မွန်းတည့်ချိန်တွင် အဆိုပါကျောင်း၌ ဖြည့်စွက်အာဟာရများကို ကျွေးမွေးလှူဒါန်းသည်။

အဆိုပါအမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၆၁ ဦးတို့အား အာဟာရဖြည့်အစားအစာများကျွေးမွေးရာ၌ မြို့နယ်ပညာရေးမှူးဦးမိုးကျော် ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၆၁ ဦးတို့အား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားသတ်မှတ်ထားသည့် အာဟာရဖြည့်အစားအစာများကို ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၄၀၆)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၄၀ | ၃၇၇၅ | ၃၇၃၅ | ၃၆၅၅ | ၃၇၈၅ | ၃၈၀၀ | ၃၈၂၅ | ၃၇၂၀ | ၄၀၄၀ | ၄၀၈၀ | ၃၇၄၀ | ၃၈၅၅ | ၃၈၂၀ | ၃၇၈၅ | ၃၈၀၀ | ၄၀၃၅ |
| 95 Ron | ၃၆၈၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၀၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၇၀ | ၃၇၆၅ | ၄၀၈၅ | ၄၁၂၅ | ၃၇၈၅ | ၃၉၄၀ | ၃၈၇၀ | ၃၈၃၀ | ၃၈၄၅ | ၄၀၈၅ |
| HSD (500 ppm) | ၃၉၈၅ | ၄၁၁၅ | ၄၀၇၅ | ၄၀၀၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၀ | ၄၀၆၀ | - | ၄၄၀၅ | ၄၀၈၀ | ၄၅၇၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၃၅ | ၄၃၆၅ |
| HSD (50 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | ၅၂၃၀ | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၄၆ | ၃၅၄၉ |
| 95 Ron | ၃၄၉၁ | ၃၅၉၅ |
| HSD (500 ppm) | ၃၇၉၃ | ၃၈၉၉ |
| HSD (50 ppm) | ၄၅၉၈ | ၄၇၁၉ |
| HSD (10 ppm) | ၄၅၉၈ | ၄၇၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၅

ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင်ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ

## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## ကျောင်းပြင်ပမူလတန်းပညာရေး-NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး-NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့် သက်လွန်ကျောင်းပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး-NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့်သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး-NFPE တွင်ဖြစ်စေ၊ ကျောင်းပြင်ပအလယ်တန်းပညာရေး-NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များမှ အမှန်တကယ်ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသောနေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉-၈-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့) ၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

ပညာရေးဝန်ကြီးဌာန

# ကြို့ပင်ကောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်အဖြစ် စကားပုံဆက်ပြိုင်ပွဲကျင်းပ

ကြို့ပင်ကောက် သြဂုတ် ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများစကားပုံဆက်ပြိုင်ပွဲကို ယနေ့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့စာကြည့်တိုက်၏ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် စကားပုံဆက်ပြိုင်ပွဲသို့ အထက(ကြို့ပင်ကောက်) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအောင် တက်ရောက်အားပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများတိုးပွားလာစေရန် လူငယ်လူရွယ်များထိုးထွင်းကြံဆမှုများ တိုးတက်လာစေရန်နှင့် မြန်မာ့ရိုးရာစကားပုံများကိုသိရှိနားလည်ကာ အဓိပ္ပာယ်များကို လက်တွေ့နားလည်အသုံးချတတ်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ပြောသည်။ ထို့နောက် ဖြေဆိုထားသော စကားပုံများ၏အနက်အဓိပ္ပာယ်များကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားပေးပြီး ဆုရ



ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆုရရှိသောအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ဘောလုံးအားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော လားရှိုးတပ်နယ်(ခ)အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဩဂုတ်လ ၄ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၅-၈-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၅၃၃,၈၇၅.၆၃ | ၄,၇၄၉,၈၇၂.၅၅ | ၄,၉၃၅,၅၆၀.၃၈ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၅**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

(မိုး/ဇလ)

⇨ ကျောဖုံးမှအဆက်

အဆိုပါ ဝေနံတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့်လေးမျက်နှာမြို့ပေါ်ရပ်ကွက်(၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသ်ာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ၆ ရွာနှင့် ကျုံပျော်မြို့နယ် ၂ ရွာ၊ စုစုပေါင်း ၁၀၆ ရွာရှိလူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခုဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်နေမှုများကိုအနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (၁၀၀)






# အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မရေးရာ ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၅

သဘာဝဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေများကျရောက်ချိန်၌ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကဲ့သို့ ထိခိုက်လွယ်အုပ်စုများမှာ စိန်ခေါ်မှုများနှင့် ပိုမိုကြုံတွေ့ရပြီး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူအားလုံးအတွက် တန်းတူအကူအညီပေးသည့် ယေဘုယျအမြင်တစ်ခုတည်းဖြင့် မလုံလောက်ဘဲ ကျား၊ မ ကွဲပြားမှုအပေါ် အခြေခံသည့် လိုအပ်ချက်များကို သေချာခွဲခြားစိတ်ဖြာတုံ့ပြန်ဆောင်ရွက်သည့်စနစ် (Gender-responsive approach)ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မရေးရာထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို သြဂုတ်လ ၄ ရက်မှ ၆ ရက်အထိ နေပြည်တော် Hotel Max ၌ ကျင်းပလျက်ရှိပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် ၄၀ တက်ရောက်လျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းတွင် "အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေ"ဆိုင်ရာ ဦးစားပေးနယ်ပယ်ကို ထည့်သွင်းရေးဆွဲထားသကဲ့သို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကိုလည်း စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကျား၊ မရေးရာကို ထည့်သွင်းစဉ်းစားနိုင်ခြင်းအားဖြင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များတွင် ကျား၊ မရေးရာကိုအလေးထားချဉ်းကပ်ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းစဉ်တိုင်း၌ ကျား၊ မရေးရာရှုထောင့် (Gender Lens)ကို ထိရောက်စွာထည့်သွင်းအသုံးချနိုင်ရေးအတွက် ဆွေးနွေးဖလှယ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဒေါက်တာသန့်ဇော်လွင်၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းလျက်ရှိ

ပုသိမ် သြဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ(၂)၌ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ကာ ရေဘေးသင့်ခဲ့ရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများကို ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ (၂) ၌ စုဆောင်းထားရှိပြီး လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ စနစ်တကျထားရှိစေရေး၊ လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ပုသိမ်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ နည်းပညာတက္ကသိုလ်(ပုသိမ်)၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူ လူငယ် ၁၀၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



# သီဟိုဠ်ပင်စိုက်ပျိုးနည်းပညာပေး ဆွေးနွေးခြင်းနှင့် ပျိုးပင်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

ပိုင်ကျုံ သြဂုတ် ၅

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ရှိ ဒေသခံတောင်သူများ မိသားစုဝင်ငွေတိုးတက်စေရေး၊ ပတ်ဝန်းကျင်နှင့်မြေဆီလွှာထိန်းသိမ်းရေး၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ပြုစုရလွယ်ကူသည့် သီဟိုဠ်ပင်များ စိုက်ပျိုးနိုင်စေရန် သီဟိုဠ်ပင်စိုက်ပျိုးနည်းပညာပေး ဆွေးနွေးခြင်းနှင့် ပျိုးပင်ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပိုင်ကျုံမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးဝင့်ကျော်က အမှာစကားပြောကြားပြီး မြို့စိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးစိုးမင်းထွန်းက သီဟိုဠ်ပင်စိုက်ပျိုးနည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများကသီဟိုဠ်ပင်စိုက်ပျိုးမည့်တောင်သူများထံ ပျိုးပင်များလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ပိုင်ကျုံမြို့တွင် ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း သီဟိုဠ်ပင် တစ်ဧကလျှင် ၇၅ ပင် ၃၂ ဧကအတွက် ပျိုးပင် ၂၄၀၀ ပင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၀၆)



# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် သြဂုတ် ၅

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့ အုပ်စုပတ်လည်ပွဲစဉ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၁၀ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၁၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

သြဂုတ်လ ၆ ရက်တွင် ဖူဆယ်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မြဝတီ**



## မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်မှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၅**

မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို အကြီးစားပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ရှေ့မျက်နှာစာအား Light Weight Block အုတ်စီခြင်း၊ အဆောက်အအုံ၏ ပင်မအတက်အဆင်း လှေကားအသစ်ပြုလုပ်ခြင်း၊ အမိုးသွပ်လဲလှယ်ခြင်း၊ မြေညီထပ်နှင့် ပထမထပ်များပြင်ဆင်ခြင်း၊ Basement ကြမ်းခင်းမြှင့်တင်ဆောင်ရွက်ခြင်း၊ Valt အခန်းများနှင့် ပြတိုက်အဝင်မုခ်ဦးတို့ကို မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အဆောက်အအုံတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ၊ ဒီဇိုင်းအင်ဂျင်နီယာတို့က ဦးစားပေးအဆင့်လိုက် တည်ဆောက်ပြီးစီးနိုင်မှု အခြေအနေ၊ ပြခန်းအလိုက် နေရာချထားမည့် အခြေအနေများကို ရှင်းလင်းတင်ပြမှုများအပေါ် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီရေး မှာကြားကြောင်း သိရသည်။

**မြဝတီ**

## နေပြည်တော်တွင်ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များပါဝင်တက်ရောက်မည်

**ရန်ကုန် သြဂုတ် ၅**

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များပါဝင် တက်ရောက်မည်ဖြစ်သည်။



ထိုသို့တက်ရောက်ကြမည့် လူငယ်ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်တွေ့ဆုံသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ သွားရောက်မည့်ခရီးစဉ်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ထုတ်ကုန်များခင်းကျင်းပြသနိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ရန်ကုန်မြို့၌ ကျင်းပနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°c | / | ၃၀°c |
| ရန်ကုန် | ၂၅°c | / | ၃၁°c |
| မန္တလေး | ၂၆°c | / | ၃၁°c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

➥ ရှေ့ဖုံးမှအဆက်

တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

သို့သွားရောက်လေ့လာကြရာ သြဂုတ်လ ၄ ရက်နေ့တွင် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းနှင့်အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း(ကျည်တောင်)မှ ကျောင်းသား၊ ကျောင်းသူများသည်လည်းကောင်း၊ ယနေ့တွင်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ)မှကျောင်းသား၊ ကျောင်းသူများသည်လည်းကောင်း၊ အုပ်ချုပ်သူ ဆရာ၊ ဆရာမများလိုက်ပါ၍ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်း၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးပြခန်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးပြခန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်း၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်း၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးပြခန်း၊ တပ်မတော်(ရေ) ပြခန်းနှင့်တပ်မတော် (လေ)ပြခန်းများကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ) ပြကွက်များရှိ ခင်းကျင်းပြသထားမှုများကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြပြီး စုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing receives a delegation led by Cardinal Charles Bo, Chairman of the Catholic Bishops' Conference of Myanmar

NAY PYI TAW August 5

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by Cardinal Charles Bo, Chairman of the Catholic Bishops' Conference of Myanmar (CBCM) at the Reception Hall of the Presidential Office this morning.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Religious Affairs U Tin Oo Lwin and officials. The CBCM Chairman was accompanied by Bishop Noel Saw Naw Aye, Auxiliary Bishop of the Archdiocese of Yangon and General Secretary of the Catholic Bishops' Conference of Myanmar (CBCM), Catholic Bishops from Kengtung, Mawlamyine, Pathein, Pyay and Myitkyina, and officials.



President of the Republic of the Union of Myanmar U Min Aung Hlaing receives Cardinal Charles Bo, Chairman of the Catholic Bishops' Conference of Myanmar, and delegation.

In delivering the greeting and opening prayer, the Chairman of CBCM expressed his joy and pride at having the opportunity to meet with the President, saying that they honor and commend the President's dedication and strenuous efforts in fulfilling the heavy duties of the State despite facing numerous difficulties and challenges. The CBCM is now carrying out its task and Catholics are serving their religion's interest under the freedom of worship. The CBCM and Catholics are grateful to the President for allowing them to build a church on a two-acre plot in Dekkhinathiri Township, Nay Pyi Taw Council Area, for performing prayer services. The CBCM Chairman and delegation extended their best wishes to the President and all citizens of Myanmar for their physical and mental well-being, peace, and prosperity.

The President stated that freedom of worship has been granted to all religions in Myanmar. He said that after surveying and donating to various religious institutions, he realized that fate-based shrines need a certain level of grandeur. History shows the provision of land for missionary services for all religions. In this regard, land was granted for the emergence of majestic shrines in the capital city Nay Pyi Taw for the relevant religions. Myanmar never practices any religious discrimination, and it is encouraging every religion to bring peace and prosperity.

The nation is now advancing along the road to multi-party democracy which needs proper discipline and religious and political peace. The President said he is extending peace overtures and will apply all possible means to achieve national peace. He expressed belief that democratic way of dialogues is the only means to achieve success in ending the problems of a community where people coexist. A political problem or a political demand can be settled only through political means and not through armed terrorism. All religions can show the correct mindsets. So, religious leaders are requested to cultivate refined mindsets and spirits and bring peace and prosperity through their religious teachings.

The President asked about the needs of the CBCM Chairman and delegation and fulfilled them.

After the meeting, the President exchanged gifts with the CBCM Chairman and posed for group documentary photos with the attendees. **Myawady**

# Mawlamyinegyun Township sends 56,000 bags of Ziya rice to Yangon market

MAWLAMYINEGYUN August 5

Daw Ni Ni Win, the owner of rice and paddy trading depot in Mawlamyinegyun Township of Ayeyawady Region unveiled that local merchants sent 56,000 bags of ziya rice to Yangon market.

From Mawlamyinegyun Township, 56,000 bags of ziya rice, each containing 24 pyi, were exported and sold to the Yangon market.

"During the past month, we exported large quantities of ziya rice to the Yangon market. Agricultural products from our township are mainly sold to Yangon. This ziya rice variety is considered a good-tasting rice. Exports increased because demand from Yangon has been strong. Even this month, buyers from the Yangon market are continuing to contact us to purchase large quantities of ziya rice. Compared with other rice varieties, this type is currently seeing stronger trade," said Daw Ni Ni Win.

The ziya rice exported from Mawlamyinegyun Township to the Yangon market is reportedly selling at prices of up to Ks-105,000 per bag. Due to strong demand from the Yangon market, farmers, traders, freight workers, and transport operators are reportedly gaining employment opportunities from the trade.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Yinmabin District earmarks cultivation of more than 19,000 acres of cotton

YINMABIN August 5

Statistics of the Agriculture Department in Yinmabin District of Sagaing Region stated that local authorities have earmarked cultivation of 19,150 acres of cotton as monsoon crops in the district.

In 2026-2027 monsoon cultivation season, Yinmabin Township set a plan to grow 5,000 acres of cotton, Kani Township 7,000 acres, Salingyi Township 3,200 acres and Pale Township, 3,950 acres, totalling 19,150 acres.

"This year, more than 19,000 acres of cotton are targeted for cultivation in Yinmabin District during the monsoon cropping season. Arrangements are currently being made to begin cultivation within this month. Efforts will be undertaken to ensure that the targeted acreage is fully achieved. To enable farmers to cultivate on time during the planting season, quality cotton seed varieties will be supplied for cotton production," said Daw Myat Moe Win, head of the Agriculture Department in Yinmabin District.

It is learned that, this year, the relevant township agriculture departments in Yinmabin District have been providing technical training courses for cotton growers to ensure access to quality cotton seed varieties, preventive measures against pests and diseases for successful crop production, and the use of proper cultivation methods to achieve good yields. Necessary technical assistance required by cotton farmers will also continue to be provided.

The cultivation cost for cotton is about Ks-350,000 per acre, and the yield is reported to be around 1,000 viss per acre.

In cotton cultivation, farmers can also practice crop sequencing with onions and intercropping with pigeon peas, allowing them to obtain at least one type of crop and thereby increase their income.

Cotton is being successfully cultivated and produced in 19 townships across the districts of Sagaing, Monywa, Yinmabin, Shwebo and Kanbalu in Sagaing Region. **SK**

## Taze Township to plant more than 8,000 acres of maize and sweet corns in coming monsoon



TAZE August 5

According to YeU District Agriculture Department, local farmers will cultivate more than 8,000 acres of maize and sweet corns as cold season crops in Taze Township of Sagaing Region.

During the 2026-2027 monsoon crop planting season, Taze Township has targeted the cultivation of 7,157 acres of maize and 1,016 acres of sweet corn, for a total of 8,173 acres. Planting will begin in June this year and continue through December.

"This coming monsoon planting season, Taze Township is targeting the cultivation of more than 8,000 acres of maize and sweet corn. Efforts will be made to ensure the full target acreage is achieved. Educational activities will also be carried out to help corn crops grow successfully and to prevent pest and disease infestations," said U Zaw Myint Tun, head of the YeU District Agriculture Department.

This year, the Township Agriculture Department will provide training and conduct field demonstrations for maize and sweet corn farmers in Taze Township. Awareness programs will also be carried out on preventive measures against fall armyworm infestations, integrated crop protection systems, and the use of neem-based pesticides as well as ginger- and chilli-based pest control solutions.

In Taze Township, maize cultivation reportedly yields more than 50 baskets per acre, with cultivation costs of about Ks-500,000 per acre. Sweet corn cultivation produces around 15,000 ears per acre, while cultivation costs exceed Ks-500,000 per acre.

**SK**

## Authorities earmark cultivation of more than 2,000 acers of sunflower in Myinmu Township

MYINMU August 5

Sagaing District Agriculture Department stated that local authorities set plans to grow more than 2,000 acres of sunflower as cold season crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myinmu Township has targeted the cultivation of 2,030 acres of sunflower crops, and farmland is currently being ploughed in preparation for planting.

"This year, during the monsoon crop season in Myinmu Township, we are targeting the cultivation of more than 2,000 acres of sunflowers. Efforts will be made to ensure that the target acreage is fully achieved. We will also expand sunflower cultivation, which is an oilseed crop, in order to reduce reliance on imported palm oil. Sunflowers produce more oil per acre compared with other oil crops such as groundnuts and sesame. Sunflowers are generally cultivated during the winter season," said Daw Myat Moe Win, Head of the Department of Agriculture in Sagaing District.

To promote expanded sunflower cultivation in Myinmu Township, the relevant Township Department of Agriculture is accelerating awareness and technical training programmes. Additional training courses will also be conducted to improve the capacity of both staff members and farmers who plan to cultivate sunflowers.

This year, plans are also being made to provide sunflower seeds to farmers in Myinmu Township, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems. **SMK**

## ChaungU Township decides to grow more than 4,000 acres of vegetables this year

CHAUNGU August 5

According to the Township Agriculture Department, local farmers plan to grow more than 4,000 acres of vegetables as monsoon crops in ChaungU Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, ChaungU Township plans to cultivate 4,838 acres of vegetable crops, with cultivation set to begin in the third week of May this year, according to reports.

"This year, during the monsoon crop cultivation season in ChaungU Township, we are targeting the cultivation of more than 4,000 acres of vegetables. Efforts will be made to ensure the full targeted acreage is achieved. The crops include mustard, chili, culinary herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical assistance so that all vegetables can be cultivated using the GAP system. We will also provide technologies and guidance to ensure that all cultivated vegetables contain minimal chemical residues and are suitable for healthy consumption," said U Tint Swe, head of the ChaungU Township Department of Agriculture.



This year, the Township Department of Agriculture will provide technical training to vegetable farmers in ChaungU Township on cultivation using GAP methods, guidance to ensure that vegetables produced from farms are healthy and safe crops, and assistance to encourage farmers to expand vegetable cultivation.

Various seasonal vegetables are cultivated annually in ChaungU Township, and the vegetable crops grown have been successful and profitable for farming families. The Township Department of Agriculture will also provide awareness and technical guidance to vegetable farmers on correct cultivation methods, pest prevention, and the preparation and use of natural fertilizers, natural pesticides, and insect repellents.

**SMK**

# China announces countermeasures against six U.S. entities

BEIJING August 5

China's Ministry of Commerce on Wednesday announced a decision to take countermeasures against six U.S. entities, including Applied DNA Sciences.

These countermeasures, which took effect on Wednesday, were adopted in response to the United States' sanctions against Chinese companies under the pretext of so-called "forced labor," according to the ministry.

The U.S. move seriously violates international law and the basic norms of international relations, and gravely undermines China's sovereignty, security and development interests, the ministry said.

**Xinhua**

# Putin announces senior military appointments



MOSCOW August 5

Russian President Vladimir Putin on Wednesday announced a series of senior military appointments and changes within the Defence Ministry, saying the reforms would improve the military's organizational structure.

Speaking at a Kremlin meeting with Defence Minister Andrei Belousov, Chief of the General Staff of the Russian Armed Forces Valery Gerasimov, and commanders of the Center and East groups of forces, Putin said the ministry is continuing efforts to optimize its command and logistics system.

Putin said the ministry had recently consolidated responsibility for weapons procurement and supply under Deputy Defence Minister Alexander Sanchik, a former field commander. He also announced the appointment of Valery Solodchuk as deputy defence minister in charge of all rear and logistics services.

Putin also approved changes to the command of several frontline military groupings.

Andrei Ivanayev was appointed commander of the Center group of forces, which Putin said is responsible for carrying out key operations in the Donetsk region.

Pyotr Bolgarev was named acting commander of the Eastern Military District and commander of the East group of forces.

Putin also announced the appointment of Denis Lyamin, who previously served as chief of staff of the Center group of forces, to oversee the formation of Russia's newly established unmanned systems forces.

**Xinhua**

# Explosions reported in Dubai industrial district

DUBAI August 5

Several explosions were reportedly heard overnight at the Jebel Ali Free Zone, a major industrial and logistics district in Dubai, the UAE.

Online witness accounts described as many as seven loud blasts over a period of roughly 20 minutes. Videos and photographs purporting to show smoke and fires in the area circulated on social media, alongside reports that ambulances had been dispatched to the scene.

Some media outlets, including Iranian sources, claimed the explosions were caused by an attack launched by the Yemenbased Houthi movement, which is allied with Tehran. Other reports suggested an industrial accident had caused the blasts.

Jebel Ali, located southwest of central Dubai and beside the industrial zone, is home to one of the Middle East's largest container ports. The area sustained damage earlier in the broader regional conflict that began in late February, when the US and Israel launched a bombing campaign against Iran.

Although the fighting has since subsided, the risk of renewed escalation remains high. On Monday, US President Donald Trump said he was giving Tehrana "last chance before decapitation" to accept a peace agreement on his terms.

The Houthis have for years been involved in a parallel conflict with Saudi Arabia and the UAE over political control of Yemen. Riyadh resumed attacks on Houthi targets last month after reportedly receiving encouragement from Trump.

**RT**

# Six injured in shooting in southeastern France

PARIS August 5

Six people were injured, two of them seriously, in a shooting in the southeastern French city of Valence on Tuesday night, French media reported Wednesday.

The shooting occurred at around 10:30 p.m. local time (2030 GMT), when a gunman opened fire on a group of people with an assault rifle before fleeing the scene in a vehicle, Franceinfo reported.

The six victims, five males and one female aged between 15 and 22, were taken to the hospital. Two of them were in serious condition.

The suspect remains at large. His identity and motive are not yet known, and an investigation is underway.

A burned-out vehicle believed to have been used in the attack was later found several kilometers from the scene.

**Xinhua**

# India's Kerala rain-related death toll rises to 26

NEW DELHI August 5

The death toll in rain-related incidents across the southern Indian state of Kerala has risen to 26, officials said Wednesday.

A total of 26 deaths have been reported in the state due to the rain-related disaster. Eleven people have been injured, while four people are missing, said Kerala Chief Minister V D Satheesan at a press briefing after chairing a meeting on the ongoing situation.

According to the Chief Minister, 27,048 people have been displaced by heavy rains in the state.



Due to the rain-related disasters, 462 relief camps are currently functioning across the state, sheltering 27,048 people, he added.

Satheesan announced a series of relief measures for families affected by the ongoing rains, including enhanced compensation for those who lost their lives, houses and property.

He said crop damage has been reported in 1,882 hectares of farmland, affecting 23,537 farmers.

The India Meteorological Department (IMD) issued an orange alert for heavy rain on Wednesday. As per the IMD bulletin released Wednesday morning, widespread rainfall was likely over Kerala, coastal Karnataka and Telangana from August 5 to 11.

Parts of northern Kerala, including high-range areas of Kozhikode and Kannur received heavy rains since August 1, triggering flooding and landslides. Floodwaters are yet to recede from most low-lying areas, and many houses remain inundated.

**Xinhua**

# Lightning strikes kill 14 in India's Jharkhand

NEW DELHI August 5

At least 14 people were killed and eight others injured due to lightning strikes in India's eastern state of Jharkhand, multiple local media reports said Wednesday.

Heavy rains and thunderstorms accompanied by lightning strikes lashed the state on Tuesday afternoon, affecting Giridih, Dumka and Latehar districts.

The India Meteorological Department has forecast widespread rainfall from Wednesday to Saturday.

Every year, with the onset of monsoon season, hundreds die in lightning incidents in India.

**Xinhua**

# Vice President U Nyo Saw addresses flood response, relief and rehabilitation meeting in Laymyethna Township, Ayeyawady Region

NAY PYI TAW August 5

Vice President U Nyo Saw attended and addressed a meeting held at 3:30 pm today at the Ayeyawady Region Government Office in Pathein to discuss repair works, relief and rescue operations, and rehabilitation efforts following flooding caused by the breach and overflow of the Ngawun Dam in Laymyethna Township, Ayeyawady Region.

The meeting was attended by Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, Ayeyawady Region Chief Minister U Aye Kyaw, the Speaker of the Ayeyawady Region Hluttaw, Lt-Gen Kyaw Lin Maung from the Office of the Commander-in-Chief (Army), Commander of the Southwestern Command Brig-Gen Aung Kyaw Khine, deputy ministers, regional ministers, departmental officials, and other responsible officials.

During the meeting, the Vice President said that advance preparations had already been made to mitigate the impact of recurring natural disasters and to facilitate post-disaster recovery efforts. Regarding the current flooding in Laymyethna Township, he explained that the incident occurred after a sandbank beneath the Ngawun Dam's downstream river channel breached, causing the embankment to subside and water to overflow. He said that as soon as the incident occurred, the Tatmadaw, relevant government departments, volunteer organizations, and local residents worked together in a coordinated and timely manner to respond to the emergency. As a result, the situation was handled successfully without any loss of life. The Vice President also noted that the President has been ensuring that all requirements related to the disaster response are being fulfilled as quickly and effectively as possible.



Vice President U Nyo Saw addresses a meeting on flood response, relief and rehabilitation efforts in Laymyethna Township.

He said that the condition of embankments along the Ayeyawady and Ngawun rivers should be inspected through field surveys, flood watch personnel should be systematically deployed, and an effective public alert system should be established to promptly notify local communities of any unusual developments. He also said that low weirs could be constructed along river channels to help prevent flooding and support river water diversion and irrigation projects.

The Vice President said that roads and bridges, electricity, telecommunications, schools, hospitals, and drinking water systems damaged by the flooding must be repaired on a sector-by-sector basis to restore services as quickly as possible. He also said that flooded farmland should be replanted with rice where feasible, and where the planting season has passed, alternative crops should be cultivated instead. He added that the relevant ministries and the Ayeyawady Region Government would jointly arrange the provision of seeds, agricultural inputs, technical assistance, and other necessary support for affected farmers.

The Vice President said that, with the school term underway, every effort must be made to reopen schools as soon as floodwaters recede. He also emphasized that reinforcing the strength and resilience of embankments and riverbanks should be a top priority, calling for both immediate measures and long-term plans to enhance flood protection infrastructure.

The Vice President urged the relevant ministries, the Ayeyawady Region Government, and departmental officials to discuss the current status of ongoing response efforts, the challenges they are facing, and the assistance still required. He also called for field inspections of roads and railway lines across the region to identify and promptly repair any damage. In addition, he urged all relevant agencies to work together in a coordinated manner to support the recovery and rehabilitation of flood-affected communities.

Then, the Ayeyawady Region Chief Minister gave a briefing on the flooding situation in Laymyethna Township, Hinthada District, Ayeyawady Region, as well as relief and rescue operations, arrangements for reopening schools, the resumption of health support and medical services, transportation and connectivity, rehabilitation activities already carried out, and future plans. Deputy ministers and other attendees also presented updates on the flooding situation, emergency repair efforts, relief and rescue operations, ongoing rehabilitation work, future plans, and the feasibility of constructing saltwater barriers in farmlands frequently affected by saltwater intrusion.

The Vice President reviewed and discussed the reports presented at the meeting, coordinated and provided necessary support, delivered concluding remarks, and then brought the meeting to a close.

**Myawady**

# Forty-one foreign nationals who illegally enter Myanmar through cross-border routes arrested in Tachilek Township

NAY PYI TAW August 5

The Myanmar Government is actively carrying out anti-online scam and gambling operations in coordination with domestic forces and governments of neighbouring countries to fully ensure that online scam and gambling activities cannot be based within the country. Furthermore, detailed inspections and strict supervision are being conducted to prevent illegal foreign nationals from entering and residing in Myanmar.

While conducting such operations, a joint team comprising security force members carried out a surprise inspection on a bypass road near the Hway Lay Lan joint checkpoint in Maing Phone (B) Village-tract, Tachilek Township, Eastern Shan State, at around 4:00 am today, resulting in the arrest of two male Chinese nationals who had illegally crossed the border into Myanmar.

When the authorities questioned the two arrested Chinese nationals who had illegally entered across the border they revealed that additional Chinese nationals were hiding near Wan Pong Village after crossing illegally. Consequently, the joint team of security force members continued operational efforts to identify and apprehend the illegal entrants, leading to the further detention of 19 male Chinese nationals and one female Chinese national, totalling 20 individuals, approximately 4,600 meters south of Wan Pong Village in Tachilek Township, as well as 19 male Chinese nationals approximately 2,000 meters northeast of that location. A total of 41 Chinese nationals (40 males and one female) were ultimately apprehended and taken into custody.

The 41 Chinese nationals who illegally entered Myanmar are currently being held in official custody and will be prosecuted under Sections 3(1) and 13(1) of the 1947 Myanmar Immigration (Emergency Provisions) Act.



41 Chinese nationals—40 males and one female—who illegally entered Tachilek Township were arrested.

**100**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိ

လွိုင်ကော်  ဩဂုတ်  ၅

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုကဲ့သို့ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေသည့် လွိုင်ကော်မြို့ ပန်ကန်းတိုးချဲ့ရပ်ကွက်ရှိ ဦးသန်းထိုက်၏ ဥစားကြက်မွေးမြူရေးခြံကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရုံသာမက ပြည်နယ်ပြင်ပသို့တင်ပို့ရောင်းချနိုင်ရေး မျှော်မှန်းဆောင်ရွက်ရန်၊ မွေးမြူရေးခြံများတွင် ရောဂါများဖြစ်ပွားမှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်မှာကြားခဲ့သည်။

ထို့ပြင် မှုံပြာကျေးရွာ မြို့မအုပ်စုရှိ တောင်သူ ဦးထွန်းအောင်၏ ကွင်းအမှတ် (၁၄၃)၌ ရွှေရင်အေးမိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ထို့အတူ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များကိုလည်း သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# သထုံကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လက်တွေ့ပြုလုပ်ထားသော Project များကိုပြသသည့် UCSTT Project Show 2026 ကျင်းပ



မော်လမြိုင်  ဩဂုတ်  ၅

မွန်ပြည်နယ်သထုံကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လက်တွေ့ပြုလုပ်ထားသော Project များကို ပြသသည့် UCSTT Project Show 2026 ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ Project Show တွင် ကွန်ပျူတာသိပ္ပံကျောင်းသား၊ ကျောင်းသူများက AI ကိုအသုံးပြုသည့် Online Library System၊ ဘာသာရပ်များ အလွယ်တကူလေ့လာနိုင်မည့် LMS များ ဖန်တီးတည်ဆောက်ခြင်း၊ Sign Language မှတစ်ဆင့်အသံကိုပြောင်းလဲဖော်ပြခြင်း၊ တောင်သူများအတွက် စပါးပင်များ၏ရောဂါများနှင့် အသုံးပြုနိုင်မည့် ပိုးသတ်ဆေးများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးစနစ်များ၊ အသေးစားလုပ်ငန်းများအတွက် Web Application များ စသည်တို့အတွက်ရေးသားထားသည့် Project ၃၅ ခု၊ ကွန်ပျူတာနည်းပညာ ကျောင်းသား၊ ကျောင်းသူများက Organization နှင့် Device များ၌ Security ကောင်းမွန်စေရန် Robot kit များနှင့် Wallet များတည်ဆောက်ခြင်း Project ရှစ်ခု စုစုပေါင်း Project ၄၃ ခု ပြသခဲ့ကြောင်း သိရသည်။

Project Show သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့်အတူ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများလည်း တက်ရောက်ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များနှင့် Project Show 2026 အတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့ပြင် ဆရာအတတ်ပညာတက္ကသိုလ် (သထုံ)၌ သင်တန်းသား၊ သင်တန်းသူ အဆောင်၊ ဝန်ထမ်းအိမ်ရာ၊ အရာထမ်းအိမ်ရာ၊ မိုးလုံလေလုံအားကစားရုံ၊ တက္ကသိုလ်ဘောလုံးကွင်းတည်ဆောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




➜ ကျောဖုံးမှအဆက်

ပြည်တွင်းအင်အားစုများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်ပြည်ပနိုင်ငံသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ခြင်းမရှိစေရေးအတွက်လည်း အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ) အုပ်စု၊ ဝှေလေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ရှောင်ကွင်းလမ်းအား ယနေ့ နံနက် ၄ နာရီခန့်တွင် ရှောင်တခင်စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂ ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသည့် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၂ ဦးအား စစ်ဆေးမေးမြန်းချက်အရ ဝမ်ပုံကျေးရွာအနီးတွင် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်၍ ခိုအောင်းနေထိုင်သော တရုတ်နိုင်ငံသားများရှိကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့များသည် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာ၏တောင်ဘက်မီတာ ၄၆၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁ ဦး၊ ပေါင်း ၂၀ ဦးအားလည်းကောင်း၊ အဆိုပါနေရာ၏အရှေ့မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာတွင်တရုတ်နိုင်ငံသားအမျိုးသား ၁၉ ဦးအားလည်းကောင်း ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၄၁ ဦးအား သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

**မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိမှုနေရာပြမြေပုံ**





# တစ်ကြိမ်အားသွင်းပြီး ကီလိုမီတာ ၁၁၀၀ ရောက်အောင်သွားမယ့် Denza Z9S

Denza ဆိုတာ ကမ္ဘာကျော် EV ထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ BYD လက်ခွဲတစ်ခုဖြစ်ပါတယ်။ အခု Denza က EV အမျိုးအစားအသစ်ကို ထုတ်လုပ်လိုက်ပါပြီ။ အဲဒီ EV ကတော့ Denza Z9S ပါပဲ။ လက်ရှိမှာ Denza Z9S ကို တရုတ်နိုင်ငံမှာ ကြိုတင်အမှာစာတွေကို စတင်လက်ခံနေပြီပဲဖြစ်ပါတယ်။ သူ့ရဲ့ကနဦးဈေးနှုန်းက ယွမ်ငွေ ၃၁၉၈၀၀ ရှိပါတယ်။

ဈေးနှုန်းအားဖြင့် ကြည့်မယ်ဆိုရင် သာမန် EV တွေထက် ဈေးများနေတယ်လို့ ထင်ရပေမယ့်သူကိုယ်တိုင်က သာမန် EV ဖြစ်မနေတာပါပဲ။ ဘာကြောင့်လဲဆိုရင် သူ့ကို တစ်ကြိမ်အားသွင်းရုံနဲ့ ကီလိုမီတာ ၁၁၀၀ အထိ သွားလိုရာကိုအရောက်ပို့ပေးနိုင်မှာကြောင့်ဖြစ်တယ်လို့ ကုမ္ပဏီဘက်ကအခိုင်အမာပြောထားလို့ပါ။ ဒီလောက်အထိ ဝေးတဲ့ခရီးကိုသွားနိုင်စေဖို့အတွက်လည်း သူ့ကို ၁၀၂ ဒသမ ၃ ကီလိုဝပ်နာရီရှိတဲ့ ဘက်ထရီကိုတပ်ဆင်ပေးထားပါတယ်။

BYD ကနည်းပညာမြင့်မားတဲ့ ကိုယ်ပိုင်ဘက်ထရီတွေကိုထုတ်လုပ်နေတာဖြစ်တဲ့အတွက် Denza Z9S မှာလည်း BYD ရဲ့ ဒုတိယမျိုးဆက် LFP Blade ဘက်ထရီကို အသုံးပြုပေးထားပါတယ်။ ဒါကြောင့်လည်း ဘက်ထရီအား ၁၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိရောက်ဖို့ကို အချိန် ၁၀ မိနစ်သာပေးရမှာပါ။ ၉၇ ရာခိုင်နှုန်းအထိဆိုရင်တော့ နောက်ထပ် ၄ မိနစ်သာထပ်ကြာမှာဖြစ်တဲ့အတွက် စွမ်းဆောင်ရည်အပိုင်းမှာတော့ပြောစရာမလိုပါဘူး။ **Ref: EA**

**ကိုထက်**

# အသီးအနှံမှရတဲ့သကြားက ကင်ဆာဆဲလ်များကို ရှင်သန်ပျံ့နှံ့စေနိုင်

သားအိမ်ကင်ဆာလိုမျိုး ကင်ဆာဆဲလ်တွေကို ဓာတုကုထုံးက ဖျက်ဆီးလိုက်နိုင်ပေမယ့်လည်း တချို့မပျက်စီးဘဲကျန်ရစ်ခဲ့တဲ့ ကင်ဆာဆဲလ်တွေက အလွန်အန္တရာယ်ကြီးတဲ့အခြေအနေဆီ ရောက်ရှိသွားနိုင်တာကို တွေ့ရပါတယ်။ အထူးသဖြင့် သစ်သီးမှရတဲ့သကြားဓာတ်တစ်မျိုးက အဲဒီကင်ဆာဆဲလ်တွေကိုရှင်သန်စေပြီး ပျံ့နှံ့စေအောင်ကူညီပေးတာပါ။

ဒီတွေ့ရှိချက်ကို ဝစ္စတာတက္ကသိုလ်မှ သုတေသီများဖော်ထုတ်နိုင်ခဲ့တာပါ။ သူတို့ရဲ့လေ့လာချက်အရ ဓာတုကုထုံးကြောင့် ကင်ဆာဆဲလ်တချို့ဟာ ပျက်စီးသွားတာတွေ့ရပါတယ်။ ဒီလိုပျက်စီးသွားပေမယ့်လည်း အပြီးတိုင်ပြိုကွဲခြင်းမရှိတဲ့အတွက် ဇီဝဗေဒနည်းအရဆိုရင် အသက်ရှင်နေဆဲဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ အဲဒီအချိန်မှာ အသီးမှရတဲ့သကြားတစ်မျိုးက အသက်ရှင်ဆဲဖြစ်တဲ့ကင်ဆာဆဲလ်တချို့အတွက် စွမ်းအင်ဖြစ်ပေးရုံသာမက ကင်ဆာဆဲလ်အချင်းချင်းကြားမှာလည်း သတင်းစကားပါးသူအဖြစ် တာဝန်ထမ်းဆောင်ခြင်းဖြစ်တာကို သုတေသီများကတွေ့ရှိထားတာဖြစ်ပါတယ်။

ဓာတုကုထုံးအသုံးပြုကုသမှုအများစုမှာ ကင်ဆာရောဂါပြန်ဖြစ်တာကိုတွေ့ရခြင်းက ဘာကြောင့်လဲဆိုတာကို ယခုသုတေသနကအဖြေဖော်ထုတ်ပေးလိုက်နိုင်တာဖြစ်ပါတယ်။ **Ref: STD**

**ကိုထက်**



# ဒရုန်းများအတွက် ကြိုးမဲ့လှိုင်းတန်းလွှတ်အားသွင်းစနစ်

များသောအားဖြင့် အသေးစားဒရုန်းလေးတွေဟာ မရှောင်လွှဲနိုင်တဲ့ကန့်သတ်ချက်တစ်ခုကို မလွှဲမရှောင်သာကြုံရလေ့ရှိပါတယ်။ အဲဒါကတော့ ဘက်ထရီအားကုန်သွားတဲ့အခြေအနေပါပဲ။ ဒါကြောင့် သုတေသနပညာရှင်များက ဒရုန်းများကို လေထဲမှာအချိန်ကြာမြင့်စွာပျံသန်းပြီး လုပ်ငန်းတွေဆောင်ရွက်နိုင်စေမယ့်နည်းလမ်းတစ်ခုကို စူးစမ်းရှာဖွေခဲ့ကြပါတယ်။


ဒီအချိန်မှာ အမေရိကန်နိုင်ငံမှ Reach Power ကုမ္ပဏီနဲ့ နီဘရက်စကာတက္ကသိုလ်တို့က ပူးပေါင်းဆောင်ရွက်မှုတစ်ခုပြုလုပ်လိုက်ပါတယ်။ အဲဒီပူးပေါင်းဆောင်ရွက်မှုကတော့ ဒရုန်းတွေကိုအဝေးရောက်ကြိုးမဲ့အားသွင်းစနစ်နဲ့ အားသွင်းပေးနိုင်စေရေးဖြစ်ပါတယ်။ အခုသူတို့က အဲဒီစီမံကိန်းရဲ့အပိုင်း ၁ ကိုစတင်လုပ်ဆောင်တော့မှာပါ။ အဲဒီအပိုင်း ၁ မှာ ဒရုန်းတွေကိုအဝေးကနေကြိုးမဲ့စနစ်နဲ့လှိုင်းတန်းလွှတ်အားသွင်းတာမျိုးဟာ ဒရုန်းတွေအနေနဲ့ သူ့ရဲ့မူလထောက်လှမ်းရေးလုပ်ငန်းကို အဆက်မပြတ်ဆက်လက်လုပ်ဆောင်နိုင်ခြင်းရှိ၊ မရှိကို ဆန်းစစ်သွားမှာဖြစ်ပါတယ်။

သူတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းမှာ Reach Power ကုမ္ပဏီရဲ့ ကြိုးမဲ့စွမ်းအင်လှိုင်းတန်းလွှတ်နည်းပညာနဲ့ နီဘရက်စကာတက္ကသိုလ်ရဲ့ မောင်းသူမဲ့စနစ်၊ စက်ရုပ်စနစ်နဲ့ ဆက်သွယ်ရေးစနစ်တို့ကို ပေါင်းစပ်အသုံးပြုပြီးစမ်းသပ်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**



# တစ်လကို လူတူစက်ရုပ် ၁၀၀၀ ထုတ်လုပ်မယ့် မစ်ဆူဘီရှီ




မော်တော်ကားနဲ့အကြီးစားစက်မှုလုပ်ငန်းမှာ ဂုဏ်သတင်းကြီးမားလှတဲ့ မစ်ဆူဘီရှီကုမ္ပဏီက အခုဆိုရင် လူတူစက်ရုပ်တွေဘက်ကိုလည်း ခြေဦးလှည့်လာပါပြီ။ လူတူစက်ရုပ် ဈေးကွက်ထဲကိုဝင်လာရာမှာလည်း အင်နဲ့အားနဲ့ဆိုသလိုဝင်လာတာပါ။ ဘာကြောင့်လဲဆိုတော့ ဉာဏ်ရည်တု (AI) နည်းပညာကိုအဓိကအသုံးပြုထားတဲ့ လူတူစက်ရုပ်တွေကို ကျိုတိုမြို့ရှိစက်ရုံမှာ အမြောက်အမြားထုတ်လုပ်သွားမှာဖြစ်လို့ပါပဲ။ သူတို့အနေနဲ့ တစ်လကိုလူတူစက်ရုပ် ၁၀၀၀ အထိထုတ်လုပ်သွားမယ်လို့ဆိုပါတယ်။

ထုတ်လုပ်မယ့်နေရာကလည်း သူတို့အနေနဲ့အသုံးမပြုတော့တဲ့ ကားအင်ဂျင်ထုတ်လုပ်ရေးလိုင်းမှာပါ။ အဲဒီထုတ်လုပ်ရေးလိုင်းကို စက်ရုပ်ထုတ်လုပ်ရေးအတွက် ပြင်ဆင်ပြောင်းလဲသွားမှာဖြစ်ပါတယ်။

အခုလိုမျိုးလူတူစက်ရုပ်တွေကို ပမာဏမြောက်မြားစွာထုတ်လုပ်နိုင်စေဖို့အတွက် မစ်ဆူဘီရှီကုမ္ပဏီက ဟိုက်လန်ဒါကုမ္ပဏီနဲ့ပူးပေါင်းလိုက်တာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းမှုမှတစ်ဆင့် စက်ရုပ်တွေကို ၂၀၂၇ ခုနှစ်အစောပိုင်းမှာ ထုတ်လုပ်သွားဖို့ရှိနေပါတယ်။


ပထမဆုံးထုတ်လုပ်မယ့်စက်ရုပ်တွေကိုလည်း မစ်ဆူဘီရှီရဲ့ အင်ဂျင်ထုတ်လုပ်ရေးနေရာတွေမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ ဒီလိုအသုံးပြုမှုကနေ လိုအပ်ချက်တွေကိုပြင်ဆင်ပြီးမှ အခြားသောစက်မှုလုပ်ငန်းများအတွက် ထုတ်လုပ်ရောင်းချပေးသွားမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်ရဲ့ အာကာသတပ်ဖွဲ့ကိုကူညီမယ့် ဂြိုဟ်တုပြားများ

အမေရိကန်ရဲ့ အာကာသတပ်ဖွဲ့က သူတို့အတွက် ဝေဟင်ခြိမ်းခြောက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ထောက်လှမ်းခြင်းနဲ့ ခြေရာခံခြင်းလုပ်နိုင်စေဖို့အတွက် ကယ်လီဖိုးနီးယားအခြေစိုက် Rocket Lab ကုမ္ပဏီနဲ့လက်တွဲလိုက်ပါတယ်။ အာကာသတပ်ဖွဲ့က အမေရိကန်ဒေါ်လာ ၃၉၇ သန်းတန်ဖိုးရှိတဲ့ ကန်ထရိုက်တစ်ခုကို Rocket Lab ကုမ္ပဏီဆီပေးအပ်လိုက်တာဖြစ်ပါတယ်။

အဲဒီကန်ထရိုက်အရ Rocket Lab က အာကာသတပ်ဖွဲ့အတွက် ဂြိုဟ်တုပြားများကို ဖန်တီးပေးရမှာဖြစ်ပါတယ်။ ဂြိုဟ်တုပြားများဆိုတာက မျိုးဆက်သစ်ဂြိုဟ်တုဒီဇိုင်းတစ်မျိုးဖြစ်ပြီး ကြီးမားတဲ့ဂြိုဟ်တုအစုအဝေးအတွက် အသင့်တော်ဆုံးဖြစ်ပါတယ်။



အာကာသတပ်ဖွဲ့အတွက် Rocket Lab ကလွှတ်တင်ပေးသွားမယ့် ဂြိုဟ်တုပြားများမှာ အာကာသအခြေပြုအာရုံခံကိရိယာများ၊ မြန်နှုန်းမြင့်မားတဲ့လှိုင်းကျယ်ဆက်သွယ်ရေးကွန်ရက်များတပ်ဆင်ပေးသွားမှာဖြစ်ပါတယ်။ ကန်ထရိုက်စာချုပ်အရ Rocket Lab က ဂြိုဟ်တုပြားများကို ထုတ်လုပ်ခြင်း၊ လွှတ်တင်ခြင်းနဲ့ လုပ်ငန်းလည်ပတ်ခြင်းအထိ ဝန်ဆောင်မှုပေးသွားရမှာပါ။ အဆင်ပြေတယ်ဆိုရင် နောက်ထပ်ဂြိုဟ်တုပြားများကိုလည်း ထပ်မံလွှတ်တင်ပေးသွားမှာဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ **Ref: IE**

**ကိုထက်**

# အိန္ဒိယမှာ မုတ်သုံရာသီ ရေကြီးမြေပြိုမှုများကြောင့် လူ ၁၀၀ ကျော်သေဆုံး



**နယူးဒေလီ၊ ရာသီဥတု**

အိန္ဒိယနိုင်ငံမှာ ဒီနှစ်အတွက် မုတ်သုံရာသီအတွင်း ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် ဇူလိုင်လမှစပြီး အခုအချိန်အထိကို လူအယောက် ၁၀၀ ကျော်သေဆုံးထားတယ်လို့ အစိုးရရဲ့ ဩဂုတ်လ ၅ ရက်ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။ သူတို့ထုတ်ပြန်ချက်အရ ရေကြီးလို့အိမ်ကိုစွန့်ခွာသွားရသူ ထောင်ပေါင်းများစွာလည်းရှိတယ်လို့သိရပါတယ်။

မုတ်သုံရာသီဆိုတာ တောင်သူလယ်သမားများ မျှော်လင့်တောင့်တနေကြတဲ့ အချိန်တစ်ခုပါ။ ဒါပေမဲ့လည်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသအခြေအနေတွေကလည်း ခန့်မှန်းရခက်လာပြီး ဆိုးဝါးပြင်းထန်မှုတွေနဲ့ပဲ ကြုံတွေ့လာနေရတာပါ။

ဒီနှစ်မုတ်သုံရာသီမှာ သဘာဝဘေးကိုအဆိုးဆုံးခံစားရတဲ့ဒေသက အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်ဖြစ်တဲ့ အာသံပြည်နယ်ပါပဲ။ အာသံပြည်နယ်မှာ သဘာဝဘေးများကြောင့် လူသေဆုံးမှုက အနည်းဆုံး ၈၇ ဦးရှိတယ်လို့ပြည်နယ်ဝန်ကြီးချုပ်ကပြောပါတယ်။

နိုင်ငံတောင်ပိုင်းမှာရှိတဲ့ ကီရာလာပြည်နယ်မှာတော့ ရက်များစွာကြာမိုးသည်းထန်စွာရွာသွန်းထားတဲ့အတွက် သေဆုံးသူ ၂၆ ဦးအထိရှိလာပြီလို့ဆိုပါတယ်။ ဒါ့အပြင် ဟိမဝန္တာဒေသဖြစ်တဲ့ဂျမ္မူးနဲ့ကက်ရှမီးယားဒေသမှာတော့ သဘာဝဘေးများကြောင့် အနည်းဆုံးလူ ၃၁ ဦးသေဆုံးထားပါတယ်၊ဘီဟာနဲ့ဂျာခန်းပြည်နယ်မှာဆိုရင်လည်း မိုးကြိုးပစ်မှုများကြောင့် လူ ၂၂ ဦးသေဆုံးကာ အများစုမှာလယ်ယာလုပ်ငန်းခွင်ဝင်နေသူများဖြစ်ပြီးနွားကျောင်းသား ကလေးငယ်လေးဦးလည်း ပါဝင်ပါတယ်။ **Ref: Xinhua, ST**

**▲ ကျောဖုံးမှအဆက်**

နှစ်နိုင်ငံမျှဝေထိန်းချုပ်နိုင်ရေးအစီအစဉ်များအတွက် ဆွေးနွေးမှုများမှာလည်း နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုရရှိသောသဘောတူညီချက်အရ ဟော်မုရေလက်ကြားသို့ဝင်ရောက်လာသော ကုန်တင်သင်္ဘောများကို အီရန်နိုင်ငံက ထိန်းချုပ်ခွင့်ရရှိမည်ဖြစ်ကြောင်း အီရန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

အလားတူ မည်သည့်တတိယအဖွဲ့အစည်းကမျှ ကဖျက်ယဖျက်မလုပ်လျှင် အီရန်နိုင်ငံနှင့် အိုမန်နိုင်ငံတို့ကြား နားလည်မှုရှိသည့်သဘောတူညီချက်များသည် မူကြမ်းရေးဆွဲသည့်အဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူကပြောသည်။

သို့သော်အီရန်နိုင်ငံအနေဖြင့်ဟော်မုရေလက်ကြားကို ထိန်းချုပ်ခွင့်ရသွားမည့် မည်သည့်သဘောတူညီချက်ကိုမဆို အမေရိကန်နိုင်ငံက လက်ခံမည်မဟုတ်ကြောင်း အမေရိကန်တာဝန်ရှိသူများက အကြိမ်ကြိမ်ပြောထားသည်။

**Ref: ST**

# အမေရိကန်က ပိုလန်မှာ အမြဲတမ်းစစ်စခန်း တည်ဆောက်ဖို့လုပ်ဆောင်နေ

**ဝါဆော၊ စစ်ရေး**

အမေရိကန်အစိုးရက ယူကရိန်းနဲ့ ရုရှားနိုင်ငံတို့နဲ့ နယ်စပ်ဖြစ်တဲ့ ပိုလန်နိုင်ငံမှာ အမြဲတမ်းစစ်စခန်းတစ်ခုတည်ဆောက်ဖို့အတွက်ဆွေးနွေးမှုတွေလုပ်ဆောင်နေတယ်လို့ ပိုလန်ဒုတိယကာကွယ်ရေးဝန်ကြီးက ဩဂုတ်လ ၅ ရက်မှာပြောထားပါတယ်။

NATO တပ်ဖွဲ့နဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ပိုလန်နိုင်ငံက လက်ရှိမှာ အမေရိကန်စစ်သည် ၁၀၀၀၀ နီးပါးကို သူတို့ရဲ့မြေပေါ်မှာလက်ခံထားပါတယ်။ ဒါ့အပြင် NATO တပ်ဖွဲ့ရဲ့ အရှေ့ဘက်ဆုံးစစ်မျက်နှာတစ်ခုဖြစ်တဲ့ ပိုလန်နိုင်ငံကသူတို့ရဲ့မြေပေါ်မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေအမြဲတမ်းတည်ရှိနေဖို့ကိုပိုမိုလိုလားနေတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ကနဦးအဆင့်ဆွေးနွေးမှုတွေ ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးက သူတို့ရဲ့တောင်းဆိုချက်ကိုယ်စီကို အပြန်အလှန်ဖလှယ်ထားကြောင်း၊ ဒါပေမဲ့ ဒီတောင်းဆိုချက်တွေဟာ တရားဝင်မဖြစ်သေးကြောင်း ပိုလန်ဒုတိယကာကွယ်ရေးဝန်ကြီးကဆိုပါတယ်။ ပိုလန်နိုင်ငံဆိုတာ ရုရှားနိုင်ငံရဲ့နောက်ဖေးခြံဝင်းလိုဖြစ်တဲ့အတွက်အဲဒီမှာအမေရိကန်စစ်စခန်းရှိလာမှာက စိုးရိမ်စရာတစ်ခုဖြစ်လာနိုင်ပါတယ်။ **Ref: AGC**



# ဂျပန်နိုင်ငံက စစ်ပြုနိုင်ငံအဖြစ်သို့ အသွင်ပြောင်းလဲလာနေဟုဆို

**ပြုံယမ်း၊ စစ်ရေး**

ဂျပန်နိုင်ငံအနေနဲ့ စစ်ရေးအင်အားတည်ဆောက်မှုကို ပိုမိုမြှင့်တင်လာနေပြီး စစ်ပြုနိုင်ငံအဖြစ်အသွင်ပြောင်းလဲလာနေတယ်လို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ရဲ့ညီမ ကင်ယိုဂျုံကဩဂုတ်လ ၅ ရက်မှာပြောလိုက်ပါတယ်။

ဒါ့အပြင် ဂျပန်နိုင်ငံက ဖွဲ့စည်းပုံအရကန့်သတ်ခံထားရပြီး ငြိမ်းချမ်းရေးကိုချစ်မြတ်နိုးတဲ့နိုင်ငံအဖြစ်မှ သည် အမေရိကန်ရဲ့ကျောထောက်နောက်ခံအားကိုရယူပြီး အမှန်တကယ်ကြိုတင်လက်ဦးမှုယူတိုက်ခိုက်နိုင်စွမ်းရှိတဲ့ နိုင်ငံတစ်နိုင်ငံဆီသို့ကူးပြောင်းလာနေတာဖြစ်တယ်လို့ ကင်ယိုဂျုံကပြောထားပါတယ်။

ဂျပန်နိုင်ငံက အမေရိကန်ရဲ့ တိုမာဟော့အမျိုးအစား တာဝေးပစ်အနိမ့်ပျံဒုံးကျည်တစ်စင်းကို Aegis စနစ်တပ်ဆင်ထားတဲ့ ဖျက်သင်္ဘောတစ်စင်းကနေ စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်ပြီးနောက် မြောက်ကိုရီးယားက အခုလိုမျိုးမှတ်ချက်ပြုစကားကိုပြောလာတာဖြစ်ပါတယ်။ အဲဒီဒုံးကျည်က မြောက်ကိုရီးယားသို့ပင်ရောက်ရှိနိုင်စွမ်းရှိပါတယ်။

**Ref: Xinhua**

# ကမ္ဘာတစ်ဝန်း စားသောက်ကုန်ဈေးနှုန်းများပိုမိုမြင့်တက်နိုင်ခြေရှိဟုဆို

**ဖရန့်ဖတ်၊ စားသောက်ကုန်**



ကမ္ဘာ့နေရာဒေသအချို့မှာဖြစ်ပွားနေတဲ့စစ်ပွဲတွေ၊ အားကောင်းစွာဖြစ်ပေါ်လာမယ့် အယ်နီညိုရာသီဥတုဖြစ်စဉ်တွေက ကမ္ဘာတစ်ဝန်းမှာ ကုန်ဈေးနှုန်းမြင့်တက်လာနိုင်ခြေအတွက် အားအကောင်းဆုံးသောအကြောင်းရင်းတွေဖြစ်နေပါတယ်။ အဓိကကတော့ စစ်ပွဲတွေနဲ့ ဆိုးဝါးတဲ့ရာသီဥတုအခြေအနေများကြောင့် ကောက်ပဲသီးနှံတွေစိုက်ပျိုးဖြစ်ထွန်းမှုအားနည်းကာ သယ်ယူပို့ဆောင်ခတွေကြီးမြင့်လာနိုင်တဲ့အတွက် ကုန်ဈေးနှုန်းတွေလည်းမြင့်တက်လာမယ်လို့ ကုလသမဂ္ဂရဲ့စားနပ်ရိက္ခာနဲ့စိုက်ပျိုးရေးအဖွဲ့မှ ဦးဆောင်စီးပွားရေးပညာရှင်က သတိပေးထားပါတယ်။

၂၀၂၂ ခုနှစ်တုန်းကလည်း ကမ္ဘာတစ်ဝန်းမှာ ငွေကြေးဖောင်းပွမှုဖြစ်ပွားခဲ့ပါသေးတယ်။ အဲဒီတုန်းက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဟာ အဓိကအကြောင်းရင်းဖြစ်ခဲ့တာပါ။ ဒီနှစ်မှာတော့ အဲဒီလောက်အထိဆိုးဝါးမှုမရှိသေးပေမယ့် အလားတူဖြစ်စဉ်မျိုးကတော့ မလွဲမသွေဖြစ်လာနိုင်တယ်လို့ ကုလသမဂ္ဂထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။

"လက်ရှိမှာ လူသုံးကုန်ပစ္စည်းများက စတင်မြင့်တက်လာပါတော့မယ်။ စားသောက်ကုန်ဈေးနှုန်းတွေကတော့ ဒီနှစ်အကုန်မှာမြင့်တက်လာဖို့ရှိနေပါတယ်။ နောက်နှစ်မှာတော့ ကုန်ဈေးနှုန်းတွေအားလုံးပိုမိုမြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းရပါတယ်။ အချိန်အားဖြင့် သုံးလမှ ခြောက်လအတွင်းမှာဖြစ်လာနိုင်ပါတယ်" ဆိုပြီး ဦးဆောင်စီးပွားရေးပညာရှင် မက္ကဆီမိုတိုရီရိုက သတင်းဌာနတစ်ခုနဲ့အင်တာဗျူးမှာပြောထားပါတယ်။

**Ref: ST**

# တရုတ်က အမေရိကန်မှ အဖွဲ့အစည်းခြောက်ခုကို လက်တုံ့ပြန်အရေးယူမှုပြုလုပ်

**ပေကျင်း၊ နိုင်ငံရေး**

အမေရိကန်အဖွဲ့အစည်းခြောက်ခုကို လက်တုံ့ပြန်အရေးယူမယ့်ဆုံးဖြတ်ချက်ချမှတ်ထားတယ်လို့ တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၅ ရက်မှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

အဓမ္မခိုင်းစေမှုဆိုတဲ့အကြောင်းပြချက်နဲ့ တရုတ်ကုမ္ပဏီတွေအပေါ် အမေရိကန်ကပိတ်ဆို့အရေးယူခဲ့တာကြောင့် အခုလို တုံ့ပြန်အရေးယူမှုတွေကိုလုပ်ဆောင်ရခြင်းဖြစ်တယ်လို့ ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားတာတွေ့ရပါတယ်။

အမေရိကန်ရဲ့လုပ်ရပ်ဟာ နိုင်ငံတကာဥပဒေနဲ့ နိုင်ငံတကာဆက်ဆံရေးအခြေခံစံနှုန်းတွေကို ချိုးဖောက်နေပြီး တရုတ်နိုင်ငံရဲ့အချုပ်အခြာအာဏာ၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားတွေကို ထိခိုက်စေကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

**Ref: Xinhua**

# တောင်ကိုရီးယားမှာအပူလှိုင်းကြောင့် သေဆုံးသူ ၂၁ ဦးအထိရှိလာ

**ဆိုး၊ ရာသီဥတု**

တောင်ကိုရီးယားနိုင်ငံအနေနဲ့ ပြင်းထန်လှတဲ့အပူချိန်နဲ့ ရင်ဆိုင်နေရချိန်မှာ အပူကြောင့်ဆက်စပ်ဖြစ်ပေါ်တဲ့ရောဂါများကြောင့်သေဆုံးသူဦးရေဟာ ၂၁ ဦးအထိရှိလာပြီလို့ ကျန်းမာရေးတာဝန်ရှိသူများက ဩဂုတ်လ ၅ ရက်မှာပြောထားပါတယ်။

မေလလယ်ကနေစပြီး ဩဂုတ်လ ၄ ရက်အထိ အပူဒဏ်ကြောင့်ဖြစ်တဲ့ရောဂါဝေဒနာများကြောင့် ဆေးရုံများရဲ့အရေးပေါ်ဌာနများသို့ ရောက်ရှိလာသူစုစုပေါင်း ၂၄၄၁ ဦးရှိပါတယ်လို့ ကိုရီးယားရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက ထုတ်ပြန်ထားပါတယ်။

ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင်တော့ ဒီနှစ်မှာ အပူဒဏ်ကြောင့်ရောဂါဝေဒနာခံစားရသူအရေအတွက် ပိုမိုနည်းပါးခဲ့ပေမယ့် သေဆုံးသူဦးရေမှာတော့ ဒီနှစ်ကမနှစ်ကထက်ပိုများနေပါတယ်လို့ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။




ဒီနှစ်အပူဒဏ်ကြောင့်ဖြစ်တဲ့ရောဂါဝေဒနာတွေထဲမှာ ကိုယ်ပူချိန်အလွန်အမင်းမြင့်တက်ခြင်းက အများဆုံးဖြစ်ပြီး ၆၁ ဒသမ ၇ ရာခိုင်နှုန်းအထိရှိပါတယ်။

**Ref: YH**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၃ နှစ် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်ခရိုင်ပေါင်းစုံအမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ပဲခူး ဩဂုတ် ၅

၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၃ နှစ် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့် ခရိုင်ပေါင်းစုံအမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၄ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ဥသာမြို့သစ်ရှိတိုင်းဒေသကြီးအားကစား ဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် (ကိုယ်စား) လူမှုရေးရာဝန်ကြီး ဒေါက်တာ ထူးခြားအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်က ဘင်ခရာအဖွဲ့နှင့် ဆိုင်းဘုတ်ကိုင် သူနာပြုသိပ္ပံသင်တန်းကျောင်းမှသင်တန်းသူများအား ဂုဏ်ပြုငွေပေးအပ်ကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၃ နှစ် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့် ခရိုင်ပေါင်းစုံ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ်လ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသက် ၂၃ နှစ် မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ အသင်း ၂၈ သင်းပါဝင်ကာ အုပ်စု(၈) အုပ်စုခွဲ၍ သုံးယောက်တွဲ၊ လေးယောက်တွဲ ပြိုင်ပွဲများဖြင့်လည်းကောင်း၊ ခရိုင်ပေါင်းစုံ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် လေးခရိုင်မှ ပြိုင်ပွဲဝင်အသင်း လေးသင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ (၄၁၀)



## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

ပေါင် ဩဂုတ် ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၅ ရက်နံနက်ပိုင်းတွင် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မုတ္တမ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ဝံသမောင်(မုတ္တမ)က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုးက ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(မုတ္တမ)မှ Grade –11 ကျောင်းသားမောင်ပြည့်စုံဦးက လူငယ်နှင့်စာဖတ်ခြင်း အလေ့အထခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade –12 ကျောင်းသား မောင်ပြည့်စုံအောင်က ကျောင်းသားလူငယ်နှင့် အနာဂတ်ရည်မှန်းချက်ပန်းတိုင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade – 9 ကျောင်းသား မောင်သန့်သော်ထက်က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade –12 ကျောင်းသူ မခင်ယမင်းနိုင်က လူငယ်နှင့် ခေါင်းဆောင်မှုစွမ်းရည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade –12 ကျောင်းသူ မထူးပြည့်စံက လူငယ်၊ ဆိုရှယ်မီဒီယာနှင့်AI ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ်အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း(မုတ္တမ)မှကျောင်းအုပ်ဆရာကြီး ဦးပိုင်သူကျော်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယနေ့ကျင်းပသော လူငယ်စကားဝိုင်းသို့ အခြေခံပညာအထက်တန်းကျောင်း (မုတ္တမ)မှ ဆရာ၊ ဆရာမများ အပါအဝင် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ သဘာဝဆိုးဆေးနှင့် Botanical Printing သင်တန်းဆင်းပွဲကျင်းပ

အမရပူရ ဩဂုတ် ၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ပူးပေါင်းဖွင့်လှစ်သည့်သဘာဝဆိုးဆေးနှင့်Botanical Printing သင်တန်းဆင်းပွဲကို ဩဂုတ်လ ၄ ရက်နံနက်ပိုင်းတွင် အမရပူရမြို့နယ်၊စစ်ကိုင်း–မန္တလေးလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မမမှ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ၏ ကုန်ချောထွက်ရှိမှုများကိုကြည့်ရှုအားပေးခဲ့ကြသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်



မင်းဘူး ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာနိုင်စေရန်နှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၅ ရက် နံနက်ပိုင်းတွင် ချောင်းကောက်ကျေးရွာ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိန်ရွှေမင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ အသီးသီး ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို စာတွေ့လက်တွေ့ဖြင့်သင်တန်းကာလ ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **ဇင်မာ**

| MWD Education, Knowledge & Sports Channel | | | | | ၆-၈-၂၀၂၆(ကြာသပတေးနေ့) |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | – | ၀၈:၃၀ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | – | ၁၆:၁၁ | Grade – 9 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၁ | – | ၁၇:၅၀ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

**MWD Variety Channel**
၆-၈-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၅၀ | သတိမမူ ဂူမမြင် |
| ၂။ | ၁၀:၃၀ | ဖန်တီးသူတို့အနုပညာ |
| ၃။ | ၁၁:၄၅ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့ |
| ၄။ | ၁၂:၂၀ | Variety Choice |

**မလိုသောမီးများကိုပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

# ချစ်ခြင်းတရားဖြင့် စည်းလုံးညီညွတ်ကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းသည် အဆိုပါနိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း ချစ်ခင်သင့်မြတ်မှုသည် ငြိမ်းချမ်းခြင်း၏သင်္ကေတဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အမုန်းမပွားချစ်ခင်ခြင်းသည် ကောင်းမြတ်သောအနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သည်။ မျက်မှောက်ကမ္ဘာ့ဝန်းကျင်အခင်းအကျင်းတွင် အနာဂတ်စီမံကိန်းအဖြစ် နိုင်ငံရေး၊ စီးပွားရေးအမြင်များဖြင့် ဆောင်ရွက်ကြလေ့ရှိသည်။ နိုင်ငံအချင်းချင်းယှဉ်ပြိုင်ကြရာ ကမ္ဘာ့မျက်နှာစာတွင် စစ်ရေးမှအစ နေရာသတ်မှတ်ချက်ရရှိရေး၊ အဆင့်သတ်မှတ်ချက်တိုးတက်ရေးကိစ္စများကို ဦးတည်ဆောင်ရွက်ကြသည်။ အင်အားကြီးနိုင်ငံများ၏စီးပွားရေး၊ စစ်ရေးအားပြိုင်မှုများတွင် မလိုလားအပ်သည့် ပဋိပက္ခများဖန်တီးခြင်း၊ အကြမ်းဖက်လုပ်ငန်းများ အားပေးဆောင်ရွက်ခြင်းများကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်ကြလေ့ရှိသည်။

စစ်မက်ကိုလိုလားသူနှင့်စစ်မက်မပွား ငြိမ်းချမ်းခြင်းကိုလိုလားသူများအကြား တည်ငြိမ်မှုကို ပျက်စီးစေသည်။ စစ်မက်ဖြစ်ပွားရာ ဒေသတစ်လျှောက် အယုဝါဒများအောက် ပြားပြားမှောက်ကြရသည်။ အေးချမ်းစွာနေထိုင်လိုသူများ အနာဂတ်အိပ်မက်များပျောက်ဆုံးကြရသည်။ မီးကို မလောင်ခင်ကတားကြရသည်။ လောင်ကျွမ်းမှုမဖြစ်ပွားမီကာကွယ်ရေးနည်းလမ်းများဖြင့် စောင့်ရှောက်ရသည်။ ပဋိပက္ခများ၊ အကြမ်းဖက်မှုများသည် ငြိမ်းချမ်းရေး၏အနှစ်သာရကိုပျက်စီးစေပြီး စီးပွားရေးအရှိန်အဟုန်ကို တုံ့နှေးစေသည်။ စီးပွားရေးဂယက်လှုပ်ခတ်မှုမှတစ်ဆင့် နိုင်ငံ့အင်အား ချည့်နဲ့သွားစေနိုင်မှုကို သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံ့အရေးကိစ္စများသည် လွန်စွာကျယ်ပြန့်ပေသည်။ တိုင်းပြည်တိုးတက်ရေးအတွက် အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး စုစည်းညီညွတ်ရန်လိုပေသည်။ “နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး” ခေါင်းစဉ်အောက်တွင် လူမှုစီးပွားအဆင်ပြေမှုဘဝများစွာရရှိရေးစွမ်းအားရှိသမျှအလုပ်လုပ်ကြရမည်ဖြစ်သည်။ စည်းကမ်းရှိသော နိုင်ငံတစ်နိုင်ငံ၏ ကျင့်ဝတ်သိက္ခာပိုင်းအရ ဥပဒေကို နားလည်သိရှိလိုက်နာရန်လိုပေသည်။ နိုင်ငံမတည်ငြိမ်မှုကြောင့် ဆုံးရှုံးရသည့်အသက်အိုးအိမ်စည်းစိမ်များသည် ကာလအပိုင်းအခြားတစ်ခုအတွင်း ထူထောင်ရန်မဖြစ်နိုင်ပေ။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် တည်ဆောက်ထားသည့် လမ်း၊ တံတားများပျက်စီးခြင်းသည် နိုင်ငံ၏မျက်ရည်ပင်ဖြစ်သည်။ ပြည်သူများ၏ချွေးနဲ့စာလည်း ဖြစ်ပေသည်။ တည်ဆောက်ခြင်းကခက်ခဲလှပြီး ဖျက်ဆီးခြင်းက အလွန်လွယ်ကူသည်။ ချစ်စကိုရှည်စေရပေမည်၊ အမုန်းမီးကြောင့်တောက်လောင်ရသည့်ရန်ငြိုးကို နှလုံးသားတွင် မထားသို့မှသာ နားလည်မှုအပြန်အလှန်ရရှိမည်ဖြစ်သည်။ တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံခွင့်မဆုံးရှုံးရေး ရန်မဖြစ်ကြဖို့လိုသည်။ အိမ်၏အလှပြသနိုင်ရေး အိမ်သူအိမ်သားအားလုံးကြိုးပမ်းရပေမည်။ အိမ်တစ်လုံးငြိမ်းချမ်းရေးအတွက် အိမ်တွင်းမီးကိုအေးအောင် ငြိမ်းသတ်ရမည်ဖြစ်ပြီး အိမ်ပြင်ရှိမီးစကိုလည်း အိမ်ထဲမသွင်းရန်လိုအပ်သည်။

သမိုင်းတစ်လျှောက် မြန်မာဟူသည် ဂုဏ်ဒြပ်မမှိန် လူ့စည်းကမ်း၊ ကျင့်ဝတ်သိက္ခာကို တိကျစွာလိုက်နာခဲ့သည်။ သတ္တိ၊ ဇွဲတွေ့ဘက်တွင်လည်း ပြိုင်စံရှားသည်။ သို့သော် ခေတ်စနစ်နှင့်လျော်ညီသည့် အတွေးအမြင်၊ နည်းဗျူဟာ၊ လက်နက်အင်အား တိုင်းတစ်ပါးထက်မသာလွန်ခဲ့ခြင်းကြောင့် သူ့ကျွန်ဘဝရောက်ခဲ့ရပေသည်။ ညီညွတ်ရေးသည် အရေးကြီးလှသည်။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားအားလုံး စုစုစည်းစည်းနေထိုင်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ကြရသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း သွေးခွဲမှုများကြောင့် စည်းလုံးညီညွတ်မှုပျက်ယွင်းခဲ့ရမှုကို သတိပြုရမည်ဖြစ်သည်။ ခေတ်စနစ်အလိုက် အတွေးအမြင်များ ဘက်ပေါင်းစုံမှပြုပြင်ပြောင်းလဲမှုအသွင်ဖြင့် နှစ်ပေါင်းများစွာခေါင်းငုံ့နေရသည့်ဘဝမှ လွတ်မြောက်ခဲ့ရမှုကို သင်ခန်းစာယူ၍ စုစည်းညီညွတ်သော ပြည်ထောင်စုကြီးဖြစ်အောင် တည်ဆောက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွက် တည်ငြိမ်ရေးသည် လိုလားတောင့်တအပ်သည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတူညီလင့်ကစား တည်ငြိမ်အေးချမ်းမှု၏သဘောသဘာဝကို လူတိုင်းလက်ခံနိုင်ကြပေသည်။ နိုင်ငံတော်လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုသည် ဆက်စပ်သည်။ ပြည်တွင်းစည်းလုံးညီညွတ်မှုကိုအခြေခံ၍ နိုင်ငံသာယာဝပြောရေးအခန်းကဏ္ဍကို ဦးတည်နိုင်မည်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန်လိုသည်။ တူညီသောယုံကြည်ချက်ဖြင့် ဆွေးနွေးအဖြေရှာနိုင်သည့်နည်းလမ်းများကိုကျင့်သုံးပြီး ရလဒ်ကောင်းထွက်အောင်ကြိုးစားဆောင်ရွက်ရမည့် နိုင်ငံ့အရေးဖြစ်သည်။ မိမိတို့နေထိုင်ရာမြို့ရွာအေးချမ်းသာယာလှပရေးအတွက် သားစဉ်မြေးဆက် ပြောထုံးဖြစ်စေမည့်ငြိမ်းချမ်းရေးခရီးလမ်းကြီး အောင်မြင်စွာဖောက်လုပ်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာသည့်နည်းလမ်းကို ရွေးချယ်ကျင့်သုံးရပါမည်။ ညီညွတ်ရေးကြွေးကြော်သံ စည်းကမ်းရှိမှုကို အခြေခံသဖြင့် အသိပညာ၊ အတတ်ပညာများ ပေါင်းစပ်ဖလှယ်အသုံးချရမည်ဖြစ်သည်။ သို့မှသာ တည်ငြိမ်မှုရလဒ်ကောင်းပေါ်ထွက်ပြီး အနာဂတ်ငြိမ်းချမ်းရေးအတွက်လည်း အာမခံချက်ရရှိစေမည်ဖြစ်သည်။

> **ချစ်ကြည်ရင်းနှီးမှုသည် ယုံကြည်မှုကို ဖြစ်စေသည်။ ယုံကြည်မှုသည် အေးချမ်းမှု၊ နွေးထွေးမှုနှင့် စာနာနားလည်မှုကိုပါဖြစ်စေသည်။ မြင်ပါများကြင်နာခြင်းများဖြင့် အပြန်အလှန် နားလည်သွားနိုင်သည်။ ကတိတစ်လုံး၏တန်ဖိုးကို တိကျပြတ်သားစွာ အလေးအနက်ထားထိန်းသိမ်း စောင့်ရှောက်နိုင်သည်။ ထိတွေ့ဆက်ဆံမှုသည် သူ့ဘက်ကိုယ့်ဘက်ဆန္ဒ၊ သဘာဝကိုသိမြင်နိုင်သည့် အခွင့်အရေးရှိသည်။ ဒေသအချင်းချင်းစည်းလုံးရာမှ မြို့၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးအားလုံး ပိုမိုစည်းလုံးခြင်းရလဒ်ကောင်းများဖြင့် အသွေးအရောင်စုံသောပြည်ထောင်စုကြီး၏ဂုဏ်အင်ကို ထွန်းပြောင်စေမည်ဖြစ် . . .**

စစ်ပွဲတစ်ပွဲ၏ကုန်ကျစရိတ်သည် လွန်စွာမြင့်မားလှသည်။ နှစ်ရှည်လများ တည်ဆောက်ထားသည့် အဆောက်အအုံများစွာ ထိခိုက်နိုင်သည်။ ဖွံ့ဖြိုးရေးဗဟိုပြု လမ်း၊ တံတားတို့သည်လည်း ပျက်စီးနိုင်သည်။ လူနှင့်သက်ရှိသက်မဲ့အားလုံး၏ရှင်သန်မှုကိုလည်း တစ်မုဟုတ်ချင်း ဖျက်ဆီးနိုင်စွမ်းရှိသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးများကိုလည်း ထိခိုက်နိုင်သည်။ စစ်ပွဲများကိုမဖြစ်ပွားမီက တားဆီးကြရမည်ဖြစ်သည်။ ဖြစ်ပွားဆဲစစ်ပွဲများကို ညှိနှိုင်းအဖြေရှာသည့်နည်းလမ်းဖြင့် ရပ်တန့်သင့်သည်။ ကျည်ဆန်ချင်းယှဉ်ပစ်သည့်ပွဲဖြစ်သဖြင့် ပန်းပေါက်ပွဲကဲ့သို့ မလှပနိုင်ပေ။ မြင်ကွင်းသည်လည်း အရုပ်ဆိုးအကျည်းတန်နိုင်သည်။ စစ်ဘေးဒဏ်ခံပြည်သူများမှာလည်း စိတ်ဒဏ်ရာအသီးသီးရရှိနိုင်သည်။ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အိပ်မက်အသီးသီးသည်လည်း နှစ်ကာလရှည်ကြာ ဝေဝါးသွားနိုင်သည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းရပ်များဖြင့် ရှေ့ဆက်ရခြင်းကြောင့် ဖွံ့ဖြိုးမှုဟူသမျှ နောက်ကျနေရမည်ဖြစ်သည်။

လူအချင်းချင်းမျှတမှု၊ စာနာမှုဖြင့် ဖေးကူနိုင်သည်။ ကိုယ်ကျိုးပါဝင်သော စစ်ပွဲဖန်တီးမှု၊ ပဋိပက္ခဖန်တီးမှုများကို စစ်မှန်သောလူသားချင်းစာနာစိတ်ဖြင့် ရှောင်ရှားသင့်ပေသည်။ အမှန်တကယ်လူသားချင်းစာနာစိတ်ထားရှိပြီး အကြမ်းဖက်မှုပြဿနာများပိုမိုများပြားမလာမီ ထိန်းသိမ်းကြရမည်၊ တင်းမာမှု၏နောက်ဆက်တွဲဆိုးကျိုးသည်ပြည်တွင်းမငြိမ်းချမ်းမှုကိုဖြစ်စေသည်။ နားလည်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းစကိုရှာဖွေတွေ့ရှိနိုင်သည်။ ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုအတွင်း အတွေးအမြင်အမျိုးမျိုးခေါင်းစဉ်ဖွင့်ဆိုမှုများစွာတွေ့ရှိရသည်၊ လက်တွေ့ဆန်သောဖွင့်ဆိုချက်များပါဝင်သကဲ့သို့ စိတ်ကူးယဉ်အတွေးများလည်းပါဝင်သည်။ သဘာဝအရ အင်အားကြီးသူအနိုင်ရလေ့ရှိသည်။ အင်အားကြီးသူနှင့် အားနည်းသူအကြား ရိုသေလေးစားမှု၊ အပြန်အလှန်နားလည်မှုများ မပါဝင်လျှင် အမုန်းဒေါသကြီးထွားနေဦးမည်ဖြစ်သည်။ သွေးခွဲသပ်လျှိုလိုသူများ၏ သွေးတိုးစမ်းခြင်း၊ ခြေထိုးခြင်း၊ ဝါးမျိုခြင်းများကိုလည်း ခံရနိုင်ပေသည်။

နိုင်ငံတည်ငြိမ်မှုကို ရိုးရှင်းစွာထိုးထွင်းကြည့်ပါက အများပြည်သူငြိမ်းချမ်းပျော်ရွှင်ခြင်း၊ စိတ်လုံခြုံမှုရှိခြင်းဟုသုံးသပ်နိုင်သည်။ စိတ်နှလုံးပျော်ရွှင်မှု၏နောက်ကွယ်တွင် တရားမျှတမှုရှိရပေမည်။ တရားမျှတမှု၊ လွတ်လပ်မှုသည် လုံခြုံမှုကိုလည်းကိုယ်စားပြုရပေမည်။ လုံခြုံမှုသည် အသက်အိုးအိမ်စည်းစိမ်ကိုစောင့်ရှောက်မှုပေးခြင်းဖြစ်ပြီး ရေရှည်အကျိုးစီးပွားကိုဖြစ်စေသည်။ ဉာဏ်ပညာအရင်းအနှီးဖြင့် ခေတ်မီနိုင်ငံတည်ဆောက်ကြရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရလေ့ရှိသည်။ ရန်ငြိုး၊ အာဃာတသည် မိမိ၏အတွေးအမြင်ကို အဆိုးဘက်သို့ ယိမ်းယိုင်စေနိုင်သောကြောင့် ရန်မီးမပွားငြိမ်းချမ်းရေးနည်းလမ်းများဖြင့်သာ အနာဂတ်နိုင်ငံတော်ရှေ့ခရီးကို ဆက်သင့်သည်။ မတူသောမှုများကို တိုင်းကျိုးပြည်ပြုဆောင်ရွက်နိုင်သူ၊ စိတ်ကောင်းရှိသူများ၏ စိတ်စေတနာကောင်းများဖြင့် တည့်မတ်ဆောင်ရွက်ရသည်။

ချစ်ကြည်ရင်းနှီးမှုသည် ယုံကြည်မှုကိုဖြစ်စေသည်။ ယုံကြည်မှုသည် အေးချမ်းမှု၊ နွေးထွေးမှုနှင့် စာနာနားလည်မှုကိုပါဖြစ်စေသည်။ မြင်ပါများကြင်နာခြင်းများဖြင့် အပြန်အလှန်နားလည်သွားနိုင်သည်။ ကတိတစ်လုံး၏တန်ဖိုးကို တိကျပြတ်သားစွာ အလေးအနက်ထားထိန်းသိမ်းစောင့်ရှောက်နိုင်သည်။ ထိတွေ့ဆက်ဆံမှုသည် သူ့ဘက်ကိုယ့်ဘက်ဆန္ဒ၊ သဘာဝကို သိမြင်နိုင်သည့်အခွင့်အရေးရှိသည်။ ဒေသအချင်းချင်းစည်းလုံးရာမှ မြို့၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးအားလုံး ပိုမိုစည်းလုံးခြင်းရလဒ်ကောင်းများဖြင့် အသွေးအရောင်စုံသော ပြည်ထောင်စုကြီး၏ဂုဏ်အင်ကို ထွန်းပြောင်စေမည်ဖြစ်သည်။ အတွေးအမြင်ကောင်းများဖြင့် ဖန်တီးတည်ဆောက်မှုစွမ်းပကားသည် နက်ရှိုင်းလှပြီး စည်းလုံးမှုက ခွန်အားကိုဖြစ်စေသည်။ ပြည်ထောင်စု၏အလှသည် စုစည်းမှုဖြစ်သည်။ နိုင်ငံ၏အင်အားသဖွယ်ဖြစ်ပြီး ကျူးကျော်မှုအမျိုးမျိုးကို တွန်းလှန်တိုက်ထုတ်နိုင်မည့်စွမ်းအားပမာတူသည်၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားတို့၏ ချစ်စဖွယ်ဓလေ့ရိုးရာ၊ ယဉ်ကျေးမှုများ အစွန့်ရှည်တည်တံ့ရေး၊ ပြည်ထောင်စုသွေးချင်းတို့၏နယ်မြေအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစည်းပေါင်းစပ်ထားသော ပြည်ထောင်စုခံတပ်ကြီးအတွင်းမှ ကာကွယ်နိုင်မည့်အစွမ်းအစ၊ အခွင့်အရေးများစွာတည်ရှိနေပေသည်။ အဆိုပါခရီးလမ်းဖြောင့်ဖြူးရေး အစိုးရနှင့်ပြည်သူကြည်ဖြူစွာ လက်တွဲဆောင်ရွက်လျက်၊ ဆန္ဒမှန်၊ စိတ်ရင်းမှန်၊ စည်းကမ်းရှိရှိ၊ ဥပဒေလိုက်နာလျက် တိုင်းရင်းသားအားလုံးချစ်ခြင်းတရားဖြင့် စည်းလုံးညီညွတ်ကြမည်ဆိုပါက အကြားအလပ်မရှိသော ဖွံ့ဖြိုးတိုးတက်ခြင်းများ မုချမသွေရရှိလိမ့်မည်ဟု ယုံကြည်စွာ ရေးသားလိုက်ရပါသည်။ ။

## မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် ဖွင့်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဩဂုတ် ၅

ရှောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၅ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဝင်းက မိခင်နှင့်ကလေးအာဟာရကောင်းမွန်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် အာဟာရမြှင့်တင်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မိခင်နို့စနစ်တကျတိုက်ကျွေးမှု စံပြမိခင်များအား ဂုဏ်ပြုဆုများပေးအပ်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက အာဟာရဖြည့်စွက်ဆေးဝါးများ ပေးအပ်သည်။

ယင်းနောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်ဒေါ်မေဖူးအောင်က ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရပစ္စည်းများပေးအပ်ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# လှိုင်ကော်မြို့နယ်၌ ကော်ဖီစိုက်တောင်သူများအား ရိုဘက်စတာကော်ဖီပျိုးပင်များ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

လှိုင်ကော် ဩဂုတ် ၅

ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရိုဘက်စတာကော်ဖီပျိုးပင်များ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ်လ ၄ ရက်က ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဂျိုးဇက်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဂျိုးဇက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကော်ဖီစိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများသိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် တာဝန်ရှိသူများက လှိုင်ကော်မြို့နယ် ကျေးရွာငါးရွာမှ တောင်သူ ၁၁ ဦးအား ရိုဘက်စတာကော်ဖီပျိုးပင် ၁၃၀၅၀ ကို ပေးအပ်သည်။

လှိုင်ကော်မြို့နယ်၌ လက်ရှိ ကော်ဖီစိုက်ဧက ၇၀၉ ဧကရှိပြီး ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဧက ၃၀ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# လူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်ရေးရာအသိပညာပေးဟောပြော




ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၄ ရက်က လသာကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူငယ်များအား နိုင်ငံတော်က အားကိုးအားထားပြုရသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ထက်မြက်လာစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ကာ စိတ်ဓာတ်မြင့်မားသည့် လူငယ်များဖြစ်လာစေရန် အသိပညာပေးဟောပြောသည်။

ထို့နောက် ကလေးအလုပ်သမား ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးစစ်ဆေးကုသခြင်းနှင့် ဟောပြောခြင်းများဆောင်ရွက်

အောင်လံ ဩဂုတ် ၅

ကျောင်းပညာရေးနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် သန့်ရှင်းစင်ကြယ်ရေးကို အထောက်အကူပြုနိုင်ရန် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးစစ်ဆေးကုသခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ်လ ၄ ရက်က မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိအခြေခံပညာမူလတန်းကျောင်း (ဈေးကုန်း)၌ ဆောင်ရွက်သည်။



ကျောင်းကျန်းမာရေးလှုပ်ရှားမှုအတွင်း သူနာပြုဆရာမကြီး ဒေါ်တင်တင်နိုင်က ဆေးလိပ်၊ ကွမ်းနှင့်ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့်ရရှိနိုင်သော ခံတွင်းကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆိုးကျိုးများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရေးအတွက် လိုအပ်သော ခွန်အားရှိစေသည့် အစားအစာ၊ ကြီးထွားစေသော အစားအစာနှင့် ရောဂါကာကွယ်စေသော အစာအုပ်စုများအကြောင်း၊ မုန့်ပဲသရေစာများ ရွေးချယ်စားသုံးပုံများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးက ကျောင်းသား၊ ကျောင်းသူများ၏ သွားပိုးစားခြင်း၊ သွားဖုံးရောင်ခြင်းနှင့် ခံတွင်းပြဿနာများကို တစ်ဦးချင်း အသေးစိတ်စစ်ဆေးပေးပြီး လိုအပ်သော ဆေးဝါးများပေးအပ်သည်။

ထို့နောက် မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျောင်းဝင်းအတွင်းရှိ ရေတင်ကန်များ၌ ခြင်ကျားပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ရေတွင်းနှင့် ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကျောင်းကျန်းမာရေးအဖွဲ့နှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်ကြကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

# ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံး ၅၇၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ပုသိမ် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဒေသထွက် အုန်းသီးအလုံး ၅၇၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ်၌ အုန်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်သက်သက်၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက အုန်းသီးအလုံး ၄၂၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း အုန်းသီးအလုံး ၅၇၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပုသိမ်မြို့နယ်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကထားတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လထဲမှာလည်း အုန်းသီးတွေ ဝယ်လိုအားကောင်းခဲ့လို့ အုန်းသီးအလုံး ၅၇၀၀၀၀လောက် တင်ပို့ရောင်းချခဲ့ရပါတယ်၊ လက်ရှိမှာလည်း ရန်ကုန်ဈေးကွက်က အုန်းသီးတွေဝယ်ယူဖို့ ထပ်မံချိတ်ဆက်မှုတွေရှိပါတယ်။ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေက အုန်းပင်စိုက်တဲ့ တောင်သူတွေဆီကနေ အုန်းသီးတွေကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ အခုလို ဒေသထွက် အုန်းသီးအနုတွေ ဝယ်လိုအားကောင်းလာတော့ စိုက်ပျိုးသူတွေ အဆင်ပြေလာပါတယ်" ဟု ဒေါ်သက်သက်ကပြောသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ အုန်းပင်စိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကျောင်းကုန်းမြို့နယ်မှထွက်ရှိသည့် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်

ကျောင်းကုန်း ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေအောင်၏ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ် သစ်သီးဈေးကွက်၌ ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ နာနတ်သီးဝယ်လိုအားကောင်းလာခြင်းဖြစ်ပြီး လက်ရှိတွင် ဒေသထွက် နာနတ်သီးများ တစ်ရက်လျှင် အလုံးရေ ၂၂၀၀၀ မှ ၄၃၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေသည်။

"ကျောင်းကုန်းမြို့နယ်ကနေထွက်ရှိတဲ့ နာနတ်သီးတွေကို တခြားဒေသဈေးကွက်က ဝယ်လက်တွေ အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်ကို နာနတ်သီးအလုံးရေ ၄၃၀၀၀ လောက်အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်နာနတ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းတာတွေ့ရပါတယ်" ဟု ဒေါ်ဆွေဆွေအောင်ကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် နာနတ်သီးများကို ကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ကျုံပျော် စသည့်ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်



# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အမေရိကန်နိုင်ငံမှ မြို့တချို့က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံလျော်ကြေးငွေတောင်းဆို



ဝါရှင်တန် ဩဂုတ် ၅

ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အမေရိကန်နိုင်ငံမှ မြို့တချို့က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ထံ လျော်ကြေးငွေတောင်းဆိုထားကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ မြို့များက တောင်းဆိုမှုမရှိသော်လည်း အမေရိကန်နိုင်ငံမှ မြို့တချို့က လျော်ကြေးငွေရရှိရန် တောင်းဆိုကြခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၊ ဒဲလ်လက်မြို့၊ လော့စ်အိန်ဂျလိစ်မြို့၊ အက်တလန်တာမြို့၊ မိုင်ယာမီမြို့၊ ဟူလ်စတန်မြို့၊ ဘော့စတွန်မြို့၊ ဖီလာဒယ်ဖီယာမြို့၊ ဆန်ဖရန်စစ္စကိုမြို့၊ ကန်ဆက်မြို့တို့၌ကျင်းပခဲ့ပြီး ဗိုလ်လုပွဲကို နယူးယောက်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါမြို့များမှ မြို့တချို့က ကမ္ဘာ့ဖလားပွဲစဉ်များကို လက်ခံကျင်းပရာတွင် မျှော်လင့်ထားသည်ထက်ကုန်ကျစရိတ်များပြားခြင်း၊ လုံခြုံရေးအသုံးစရိတ်များပြားခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များပြားခြင်း၊ အားကစားကွင်းပြုပြင်ထိန်းသိမ်းမှုနှင့် စီစဉ်ဆောင်ရွက်မှုများတွင် ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အဆိုပါကုန်ကျစရိတ်များအတွက် လျော်ကြေးငွေ ပြန်လည်ပေးချေရန် တောင်းဆိုမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ထိပ်တန်းအနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပုံမှန်ထက်ပိုမိုလုပ်ဆောင်ခဲ့ပြီးနောက် ကုန်ကျစရိတ်မှာလည်း များပြားလာခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကြော်ငြာအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များမှ ဝင်ငွေများစွာရရှိခဲ့သည့်အပြင် ပွဲအရေအတွက်များပြားလာခြင်းကြောင့် ဝင်ငွေများစွာရရှိခဲ့သည့်အတွက် အမေရိကန်နိုင်ငံမှ မြို့တချို့က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံမှ လျော်ကြေးငွေ တောင်းဆိုခဲ့ကြောင်း သိရသည်။

*Ref:Topskillsports UK*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းအတိုများ

- တူကီယဲထိပ်တန်းကလပ် ထရန်ဇွန်စပေါလ်အသင်းက လီဗာပူးအသင်းနှင့်လမ်းခွဲပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဆာလက်ချ်အား ပြိုင်ဘက်အသင်းဖြစ်သည့် ဂါလာတာဆာရေးအသင်းကို ကျော်ဖြတ်ပြီး နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက ရောင်းချရန်ဆုံးဖြတ်ထားသည့် ကွင်းလယ်ကစားသမား ရီဂျန်ဒါအား နယူးကာဆယ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ရိုးမားအသင်းက အက်သလက်တီကိုအသင်းမှ ညာတောင်ပံခံစစ်ကစားသမား မိုနာလီအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။
- စပါးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ချယ်လ်ဆီးအသင်းမှ တိုက်စစ်ကစားသမား နီကိုလက်ဂျက်ဆင်အားခေါ်ယူလိုပြီး ချယ်လ်ဆီးအသင်းက နီကိုလက်ဂျက်ဆင်အတွက် ပြောင်းရွှေ့ကြေးကို ယူရို ၆၅ သန်း သတ်မှတ်ထားကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက အက်သလက်တီကိုအသင်းမှ အယ်ဗာရက်အားခေါ်ယူရန် ကြိုးပမ်းနေပြီး လက်ရှိတွင် ဘာစီလိုနာအသင်းအားကစားဒါရိုက်တာ ဒေကိုအနေဖြင့် မက်ဒရစ်မြို့၌ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။

# အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းမှဂူမာရေးအား စတာလင်ပေါင် သန်း ၈၀ ဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိ



လန်ဒန် ဩဂုတ် ၅

အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းမှ ကွင်းလယ်ကစားသမား ဂူမာရေးအား မြင့်မားသောပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၈၀ ဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းက ဂူမာရေးအား ခေါ်ယူရန် အစောပိုင်းကတည်းက ကြိုးပမ်းနေခြင်းဖြစ်ပြီး ဂူမာရေးကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသော်လည်း နယူးကာဆယ်အသင်းက ရောင်းချလိုခြင်းမရှိသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။ သို့သော် ပြီးခဲ့သည့်ရက်ပိုင်းက ဂူမာရေးကိုယ်တိုင်က အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် နယူးကာဆယ်အသင်းထံ တောင်းဆိုမှုများလုပ်ဆောင်ခဲ့ပြီး အသင်းနှင့်ပူးပေါင်းလိုခြင်းမရှိဟု ဖိအားပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဂူမာရေး၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၈၀ ဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနည်းပြဟိုဝီနှင့်လမ်းခွဲခဲ့သကဲ့သို့ အသင်းအဓိကကစားသမားများဖြစ်သည့် တိုနယ်လီနှင့်ဂေါ်ဒွန်တို့ကို လက်လွှတ်ခဲ့ရပြီး ယခုအခါတွင်လည်း အသင်း၏အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့်ဂူမာရေးအား အာဆင်နယ်အသင်းထံ လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

*Ref:Fabrizio Romano*

# မန်ယူအမျိုးသမီးအသင်းက အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲမတိုင်မီ နည်းပြအပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီး နည်းပြသစ်အဖြစ် အိုလစ်အားခန့်အပ်

လန်ဒန် ဩဂုတ် ၅

မန်ယူအမျိုးသမီးအသင်းက အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲမတိုင်မီ နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး နည်းပြသစ်အဖြစ် ဟတ်ခ်အမျိုးသမီးအသင်းနည်းပြ အိုလစ်အား ခန့်အပ်ခဲ့ကြောင်းသိရသည်။

မန်ယူအမျိုးသမီးအသင်းကို စတင်ဖွဲ့စည်းချိန်တွင် နည်းပြအဖြစ် အမျိုးသားနည်းပြ မက်ခ်စကင်နာက တာဝန်ယူကိုင်တွယ်ခဲ့ပြီး မက်ခ်စကင်နာသည် မန်ယူအမျိုးသမီးအသင်းကို ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌ရပ်တည်ပြီး ဒုတိယဆုဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်သကဲ့သို့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အမျိုးသမီးအက်ဖ်အေဖလား၊ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် အမျိုးသမီးလိဂ်ရှုံးထွက်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ကာ လာမည့်ဘောလုံးရာသီ အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲကျင်းပရန် တစ်လခန့်အလိုတွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးနည်းပြ အိုလစ်သည် ဟတ်ခ်အမျိုးသမီးအသင်းကို တာဝန်ယူကိုင်တွယ်ပြီးနောက် ၂၀၂၄- ၂၀၂၅ ဘောလုံးရာသီ စကော့တလန်အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အဆင့်(၅)နေရာ၌သာ ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စကော့တလန်အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ရိန်းဂျားအမျိုးသမီးအသင်းကို နှစ်မှတ်အသာဖြင့်ကျော်ဖြတ်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။ ထို့နောက် ဘောလုံးရာသီအကုန်တွင် ဟတ်ခ်အမျိုးသမီးအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

မန်ယူအမျိုးသမီးအသင်းက နည်းပြ မက်ခ်စကင်နာနှင့်လမ်းခွဲပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် အိုလစ်နှင့်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:TNT Football*

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Chit Moe Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၁)ရပ်ကွက်နေ ချစ်မိုးခန့်အား ညနေ ၅ နာရီ ၄၀ မိနစ်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

❒ ထိုင်းဘုရင့်ဖလားမှအဆက်

မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ပြိုင်ပွဲဒုတိယနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ(Women Double Event)၊ ညနေပိုင်းတွင် အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ(Women Quadrant Event)၊ နေ့လယ်ပိုင်းနှင့်ညပိုင်းတို့တွင် အမျိုးသားလေးယောက်တွဲပြိုင်ပွဲ(Men Quadrant Event) စုစုပေါင်းပြိုင်ပွဲလေးပွဲယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲများအနက် နံနက်ပိုင်းတွင်ယှဉ်ပြိုင်သည့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ၁၅-၈၊ ၁၅-၁၀ ပွဲငယ်နှစ်ပွဲဖြင့် အိန္ဒိယအသင်းကို အနိုင်ရရှိခဲ့ပြီး ညနေပိုင်းတွင်ယှဉ်ပြိုင်သည့် အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင်လည်း အိန္ဒိယအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရကာ ၁၅-၇၊ ၁၅-၈ ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ နေ့လယ်ပိုင်းတွင်ပြုလုပ်သည့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် မလေးရှားအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ၁၇-၁၆၊ ၁၅-၈ ပွဲငယ်နှစ်ပွဲဖြင့်အနိုင်ရရှိခဲ့ပြီး ညပိုင်းတွင် ပြုလုပ်သည့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ကိုရီးယားကို ၁၅-၈၊ ၁၅-၇ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ်လ ၄ ရက် ညပိုင်းက ကျင်းပသည့် အုပ်စုအဖွင့်ပွဲစဉ်တွင်လည်း ဖိလစ်ပိုင်အသင်းနှင့် ခက်ခက်ခဲခဲကစားပြီး ၅-၁၅၊ ၁၇-၁၆၊ ၁၅-၉ နှစ်ပွဲအနိုင်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ဩဂုတ်လ ၆ ရက်တွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ ပါကစ္စတန်အသင်းနှင့်လည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ၌ ကိုရီးယားအသင်းနှင့်လည်းကောင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲနှစ်ပွဲကို ဖိလစ်ပိုင်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၅



၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးနေ့တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

ရှမ်းယူနိုက်တက်အသင်းသည် ရတနာပုံအသင်းနှင့် ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားပြီး ၂ ဂိုး ၁ ဂိုး ဖြင့်လည်းကောင်း၊ ISPE အသင်းသည် မြဝတီအသင်းနှင့် YUSC ကွင်း၌ ယှဉ်ပြိုင်ကြပြီး ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးဇယားအဆင့်(၃)တွင် ရပ်တည်နေပြီး ခြောက်ပွဲဆက် ရှုံးပွဲမရှိသေးသည့်အသင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ရတနာပုံအသင်းသည် အမှတ်ပေးဇယား အဆင့်(၅)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲမရှိဘဲ ချန်ပီယံဟောင်း ISPE နှင့်လက်ရှိချန်ပီယံရှောဝတီတို့ကို ဆက်တိုက်သရေကစားနိုင်သည့်အသင်းဖြစ်၍ ယနေ့ပြိုင်ပွဲသည်လည်း အကြိတ်အနယ်ရှိသည်။

ပထမပိုင်းစသည်နှင့် ရှမ်းယူနိုက်တက်အသင်းကပွဲကိုဦးဆောင်ကစားခဲ့ပြီးပွဲကစားချိန် ၈ မိနစ်တွင် ရူပါခိုင်၏ပေးပို့မှုကနေ ယုယနိုင်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် ဝင်းသိင်္ဂီထွန်းနှင့် မာရီယာတို့ ချေပဂိုးသွင်းဖို့အခွင့်အရေးများ ကြုံခဲ့သော်လည်း ဂိုးကံခေခဲ့ကြသည်။ ပွဲကစားချိန် ၃၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ဆောင်းနှင်းဖွေးက ထပ်မံသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ပွဲကိုဦးဆောင်ကစားခဲ့ပြီး ဦးဆောင်ဂိုးထပ်မံရရှိရန် ယုယနိုင်၊ ရူပါခိုင်၊ ပိစ်အိုဂလာတို့အတွဲ ပြိုင်ဘက်ဂိုးဧရိယာအတွင်း တရစပ်ထိုးဖောက်ဝင်ရောက်နိုင်ပေမယ့် ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။ ပွဲကစားချိန် ၆၈ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းက ကန်သွင်းကာ ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့၍ ပွဲအပြီးတွင် ၂ ဂိုး ၁ ဂိုး ဖြင့် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

YUSC ကွင်း၌ယှဉ်ပြိုင်ကစားသည့် ISPE အသင်းနှင့် မြဝတီအသင်းတို့ပွဲတွင် ချန်ပီယံဟောင်း ISPE အသင်းက ခြေအသာဖြင့် တိုက်စစ်ဆင်ကစားခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများရရှိခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမရဘဲ ပြိုင်ပွဲပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းရောက်မှသာ ISPE အသင်းအတွက် လူစားဝင်ကစားသမား လင်းမြင့်မိုရ်က တစ်ဦးတည်းသုံးဂိုး(ဟတ်ထရစ်)သွင်းယူပေးခဲ့သည်၊ ဂိုးများကို ပွဲကစားချိန် ၇၅ မိနစ်တွင် ခင်ဌေးကြိုင်၏ပေးပို့မှုမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းခဲ့ပြီး ၈၈ မိနစ်တွင် ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်း၍ ဒုတိယဂိုးရယူခဲ့ကာ ၉၀+၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် တတိယဂိုးသွင်းယူပေးနိုင်ခဲ့၍ မြဝတီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

**ပျောက်ဆုံးကြောင်း**
လှမိုးနိုင်(ဘ)ဦးလှသိန်း ၅/ဟမလ(နိုင်)၀၅၆၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(932966)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နေမျိုးအောင်(ဘ)ဦးဖိုးထောင် ၁၄/မမန(နိုင်)၂၇၇၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လင်းစန္ဒာထွန်း(ဘ)ဦးသိန်းမြင့် ၁/မညန(နိုင်)၁၄၀၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇင်မင်းနိုင်(ဘ)ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၁၉၆၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နော်ကေခိုင်သိန်း(ဘ)မောင်ဇံ ၁၂/ပဘတ(နိုင်)၀၃၂၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၈၈၉၉၀၈

**ပျောက်ဆုံးကြောင်း**
ဝင်းနိုင်ထွန်း(ဘ)ထွန်းသိန်း ၁၂/မဂတ(နိုင်)၀၃၂၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၁၅၃၀၄

**ပျောက်ဆုံးကြောင်း**
တင်ရွှေ(ဘ)ဦးအောင်ကျော်စိန် ၁၁/မပန(နိုင်)၀၈၃၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၇၀၅၄၉၄

**ပျောက်ဆုံးကြောင်း**
မောင်မောင်နိုင်(ဘ)ဟာရောင်ရော်ရှိတ် ၁၂/မဂတ(နိုင်)၁၁၉၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၀၀၉၆၅

**ပျောက်ဆုံးကြောင်း**
ကျော်သူငြိမ်း(ဘ)ဦးဖုန်းကျော် ၇/ကတခ(နိုင်)၀၇၅၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၂၄၇၂၁၂

**ပျောက်ဆုံးကြောင်း**
ခင်ခင်တင့်(ဘ)ဦးမောင်ပန် ၅/ဖပန(နိုင်)၀၄၁၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မစန်းရီ(ဘ)ဦးလှထွေး ၁၂/ဒဂတ(နိုင်)၀၂၅၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပညာဘဏ်တိုက် စာကြည့်တိုက်**

**ပျောက်ဆုံးကြောင်း**
စိုးမြတ်ကျော်(ဘ)ဦးမြင့်ဆွေ ၁၀/မဒန(နိုင်)၁၉၃၂၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မေဇင်အောင်(ဘ)ဦးစိန်ကြည် ၇/လပတ(နိုင်)၁၆၅၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မင်းလှိုင်(ဘ)ဦးကြည်အေး ၈/နမန(နိုင်)၁၄၃၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
# ရန်ကုန်မြို့
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၅၁)နေရာအတွက် သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) | (၄၀)နေရာ | အခြေခံပညာအထက်တန်းအောင် ကွန်ပျူတာသင်တန်းဆင်းလက်မှတ်ရရှိသူ |
| ( ခ ) | ယာဉ်မောင်း(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ ) | (၄) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ ယာဉ်မောင်းလိုင်စင်(ခ)အဆင့်ရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ |
| ( ဂ ) | လုံခြုံရေး(၅) လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ ) | (၃)နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ လုံခြုံရေးလုပ်ငန်းအတွေ့အကြုံရှိသူ |
| (ဃ) | သန့်ရှင်းရေးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ ) | (၄)နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိသူ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်အထက်မကျော်လွန်သူဖြစ်ရမည်။ အမှတ်စဉ်(ဂ)နှင့်(ဃ)ရာထူးနေရာများအတွက် အသက်ကန့်သတ်ချက်ကို ကျန်းမာရေးအခြေအနေနှင့် လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ လျှော့ပေါ့စဉ်းစားပေးမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

( င ) အနည်းဆုံးလုပ်သက်(၂)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေး ငွေကျပ်(၂၀၀၀/-)(ကျပ်နှစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)စာရင်းအမှတ် (CF 000513)သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-

(က) လျှောက်ထားသည့်ရာထူးအမည်၊

( ခ ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

( ဂ ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

( င ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊

( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊

(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့်အလုပ်သမားရုံးအမည်၊

( ဇ ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်၊

( ဈ ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊

(ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၁ လက်မ x ၁.၅ လက်မ)(၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

( ဂ ) အမှတ်စဉ်(က)အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်( မိတ္တူ ) (အောင်လက်မှတ်တွင် မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ(တစ်လအတွင်းရရှိသည့်)အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)

( င ) ဝန်ထမ်းဖြစ်ပါကကိုယ်တိုင်ဝန်ခံချက်

( စ ) ဝင်ကြေးပေးသွင်းပြီးကြောင်းပြေစာချလန်(မူရင်း)

၆။ လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း (၅-၉-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်များ၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသောလျှောက်လွှာများကို (လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အမှတ်စဉ်(က)အတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၉။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆ ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၀။ အမှတ်စဉ်(ခ)မှ(ဃ)အထိ ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက စီမံခန့်ခွဲမှုနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ တယ်လီဖုန်းအမှတ်-၀၁-၈၃၇၂၃၇-၃၃၈-၃၃၉၊ လိုင်းခွဲ(၂၀၂/၂၁၆)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**
**အမှတ် (၈၀-၈၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၁-၈၃၇၂၃၇ -၃၃၈-၃၃၉ ၊ လိုင်းခွဲ(၂၀၂/၂၁၆)**

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးဝင်းနိုင်၏သမီး ဒေါ်ခိုင်အိဖွေး ၁၄/ပသန(နိုင်)၂၆၃၃၃၃ အား ဒေါ်အိအိမွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဒေါ်အိအိမွေး**

### ဖခင်အမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)ရှားချောင်း Grade-9 မှ မသီရိနိုင်၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နိုင် ၉/လဝန(နိုင်)၁၇၇၀၂၈ ဖြစ်ပါကြောင်း။
**ဦးဇော်ဇော်နိုင်**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အထက(ခွဲ)ကျောင်းစု ပတုပ်ကျေးရွာ၊ Grade-8 မှ မဆုလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဖိုးချစ် ၁၂/သခန(နိုင်) ၁၃၄၉၈၃ ဖြစ်ပါကြောင်း။
**ဦးဖိုးချစ်**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အထက(ခွဲ)ကျောင်းစု ပတုပ်ကျေးရွာ၊ Grade-12 မှ မနှင်းယုလွင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဝေလွင် ၁၂/သခန(နိုင်)၀၁၅၁၁၇ ဖြစ်ပါကြောင်း။
**ဦးအောင်ဝေလွင်**

### အမည်ပြောင်း
အဘ ဦးမျိုးဦး၏သမီး ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-12 မှ မနော်သွယ်ဇင်အား နော်သွယ်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**နော်သွယ်ဇင်**

### ပျောက်ဆုံးကြောင်း
စန္ဒာမြင့်(ဘ)ဦးမြင့်တင် ၁၂/မဘန(နိုင်) ၁၄၃၃၆၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
နန်းစောရီ(ဘ)ဦးခွန်ထွန်းအေး ၁၃/ဟပန(နိုင်)၀၇၇၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၃၀၂၅၅၀၃**

### ပျောက်ဆုံးကြောင်း
ဟာခါးမိုင်(ဘ)ဦးတမ်ကီးဟာ ၄/မတန(နိုင်)၀၃၁၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 555578)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၄၂၀၃၇၁**

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အထက(ခွဲ)ကျောင်းစု ပတုပ်ကျေးရွာ၊ Grade-12 မှ မောင်ကျော်ဇင်ဝင်း၏ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၂/သခန(နိုင်)၁၁၄၃၄၁ ဖြစ်ပါကြောင်း။
**ဦးဆန်းဝင်း**

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အောင်သပြေ(၃)ရပ်ကွက်နေ မစိုးစန္ဒီ(ဘ)ဦးလှုကြားကွေ ၁/မညန(နိုင်)၂၁၁၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 8771714)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၃၇၀၂၈၁**

### ပျောက်ဆုံးကြောင်း
ပေါက်မြို့နယ်၊ အုန်းတော(က)ရွာနေ မင်းသူဟိန်း(ဘ)ဦးဇော်ရင် ၈/ပမန(နိုင်)၁၈၇၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 859019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၃၇၁၇၂၇၇**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(အနောက်ရပ်)၊ Grade-12 မှ မောင်စိန်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဒီလစ်ကူမား ၇/ဖမန(နိုင်)၀၉၂၇၇၃ ဖြစ်ပါကြောင်း။
**ဦးဒီလစ်ကူမား**

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးကြည်နိုင်၏သား မောင်မင်းဘုန်းသော် ၁၃/ကတန(နိုင်)၂၂၄၆၆၄ အား မောင်မျိုးထက်ကျော်ဟုပြောင်းလဲခေါ်ဆိုပါရန်။
**မောင်မျိုးထက်ကျော်**

### ပျောက်ဆုံးကြောင်း
သူရဖြိုး(ဘ)ဦးစိုးလွင် ၉/ပတန(နိုင်) ၂၆၄၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 244771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၈၅၀၃၇၁၀**

### ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်ခင်သီတာ ၇/ပခန(နိုင်)၂၀၉၁၈၅ ပိုင်ဆိုင်သော မော်တော်ယာဉ်အမှတ် (2A-2248)CNG ထုတ်ယူခွင့်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၀၁၁၉၉၅**

### ပျောက်ဆုံးကြောင်း
ငွေငွေသန်း(ဘ)ဦးအမိန် ၉/မရမ(နိုင်) ၀၂၇၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 916922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၂၄၃၆၁၇**

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အထက(ခွဲ)ဆင်အင်းကျောင်း၊ Grade-12 မှ မဝင်းဖန့်ကြည်၏ ဖခင်အမည်မှန်မှာ ဦးစောအေးမင်းဖြစ်ပါကြောင်း။
**ဦးစောအေးမင်း**

### ပျောက်ဆုံးကြောင်း
ညီညီလွင်(ဘ)ဦးမြင့်ကြွယ် ၇/မလန(နိုင်) ၁၂၃၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၅၁၆၃၉၁၀**

### ပျောက်ဆုံးကြောင်း
သက်လင်းဦး(ဘ)ဦးစောထွန်း ၅/ဘတလ(နိုင်)၁၂၄၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၉၅၈၄၅၄၆**

### ဖခင်အမည်မှန်
ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အ.ထ.က(ခွဲ)အောင်ပန်း Grade-1 မှ မရိုစီနေခြည်လင်း၊ Grade-4 မှ မောင်ပြည့်စုံအောင်တို့၏ ဖခင် ဦးမောင်လှ၏အမည်မှန်မှာ ဦးဘိုးလူ ၁၃/ကလန(နိုင်)၀၃၁၈၇၄ ဖြစ်ပါကြောင်း။ **ဦးဘိုးလူ**

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ နန်းမားမြို့နေ မောင်မင်းသူလှိုင်(ဘ)ဦးမင်းနွယ် ၁/မညန(နိုင်)၁၉၀၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 831768) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၁၄၉၀၁၁၈**

### ပျောက်ဆုံးကြောင်း
နန်းလှိုင်(ဘ)ဦးဆန်ညို ၁၃/တယန(နိုင်) ၀၆၅၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 888505)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၅၇၅၈၅၀၂**

### ပျောက်ဆုံးကြောင်း
စောဝေတင့်(ဘ)ဦးတက်တူ ၉/ညဥန(နိုင်) ၁၃၉၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ကော့ကဒွတ်) ကျောင်း၊ Grade-12 မှ မဝါဝါလင်း၏ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထွန်း ၁၀/ဘလန(နိုင်)၀၇၇၇၂၈ ဖြစ်ပါကြောင်း။
**ဦးသန်းဇော်ထွန်း**

### ပျောက်ဆုံးကြောင်း
ဦးမြစိန်(ဘ)ဦးကြည်ဝင်း(ခ)အရုပ် ၉/မရမ(နိုင်)၀၂၇၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 911713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၈၃၃၄၈၈**

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အထက(ခွဲ)ဆင်အင်းကျောင်း၊ Grade-9 မှနော်စန်းလှဦး၏ဖခင်အမည်မှန်မှာ ဦးကျော်သူဖြစ်ပါကြောင်း။
**ဦးကျော်သူ**

### ပျောက်ဆုံးကြောင်း
လှိုင်ငွေ(ဘ)ဦးဆွေတာမိုင် ၁၂/ဒလန(နိုင်) ၀၉၄၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 568238)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၅၃၁၈၆၂၀**

### ပျောက်ဆုံးကြောင်း
အေးမြင့်မိုးအောင်(ဘ)ဦးဖိုးပြည့် ၉/နထက(နိုင်)၂၁၀၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၁၆၇၄၂၀၁**

### ပျောက်ဆုံးကြောင်း
မမြင့်မြင့်ရွှေ(ဘ)ဦးကျန်ကျင်ဝမ့်(ခ) မောင်ရွှေ ၁၃/ကခန(နိုင်)၀၈၉၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၁၅၉၂၆၆**

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ ဂန္ဓမာ(၃)လမ်းနေ မခိုင်သဇင်(ဘ)ဦးကြည်ဝင်း ၆/ထဝန(နိုင်)၁၃၆၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၉၀၅၀၆၂၀**

### အစည်းအဝေးဖိတ်ကြားခြင်း
ကျွန်တော်များ MYANMAR MYOSETT COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၀၁၅၃၇၄ ၏ထည့်ဝင်ထားသောမတည်ရင်းနှီးငွေအား လျှော့ချခြင်းအတွက် ကုမ္ပဏီ၏အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏အစည်းအဝေးကို (၂၇-၈-၂၀၂၆)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ကုမ္ပဏီရုံးခန်းရှိ အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့အား အသိပေးအကြောင်းကြားအပ်ပါသည်။
**MYANMAR MYOSETT COMPANY LIMITED**

### အစည်းအဝေးဖိတ်ကြားခြင်း
ကျွန်တော်များ SHWE MAW KUNN COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၁၁၀၈၃၈၄ ၏ထည့်ဝင်ထားသောမတည်ရင်းနှီးငွေအား လျှော့ချခြင်းအတွက် ကုမ္ပဏီ၏အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏အစည်းအဝေးကို (၂၇-၈-၂၀၂၆)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ကုမ္ပဏီရုံးခန်းရှိ အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့အား အသိပေးအကြောင်းကြားအပ်ပါသည်။
**SHWE MAW KUNN COMPANY LIMITED**

**စာပေမြင့်မှ လူမျိုးတင့်မည်**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MPU
UnionPay
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment
Via E-commerce
" စိတ်ချရတာ မြဝတီဘဏ် "
Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း
(အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN NAN MYAING
MOUNT PLEASANT COFFEE
2 plus 1
Drip Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးညိုစော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၅

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း **ဝေန်တာကျိုးပေါက်ပြီး ရေကျော်စီးဝင်ခြင်းကြောင့်** ရေကြီးရေလျှံဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တာပိတ်ဆို့ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို သက်သာလျော့ပါးစေရန်နှင့်သဘာဝဘေးဖြစ်ပွားပြီးချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်စီမံထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လေးမျက်နှာမြို့နယ် ဝေန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားလျှင်ဖြစ်ပွားချင်း စာမျက်နှာ ၁၂ ကော်လံ ၁ ➢

# လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝေန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်



နယ်မြေခံတပ်မတော်သားများက မြစ်ရေတိုက်စားပြိုကျရာမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်ချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၅

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် (၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟင်္သာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ၆ရွာနှင့် ကျုံပျော်မြို့နယ် ၂ရွာ၊ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ⇨



တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိစဉ်။

# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို စာမျက်နှာ ၂၂ ကော်လံ ၁ ➜

**နောက်ဆုံးရနိုင်ငံတကာသတင်း**

## ဟော်မုရေလက်ကြားဖြတ်လမ်းကြောင်းအတွက် အီရန်နှင့်အိုမန်တို့သဘောတူညီချက်ရရှိ

တီဟီရန်၊ နိုင်ငံရေး

ဟော်မုရေလက်ကြားဖြတ်လမ်းကြောင်းကိုသတ်မှတ်ရေးအတွက် အီရန်နိုင်ငံနှင့်အိုမန်နိုင်ငံတို့ကြား သဘောတူညီချက်ရရှိသွားပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ်လ ၅ ရက်တွင်ထုတ်ပြန်သည်။ ထို့ပြင် ဟော်မုရေလက်ကြားကို စာမျက်နှာ ၂၄ ကော်လံ ၁ ▲



## ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယနေ့ အုပ်စုပြိုင်ပွဲတွင် မြန်မာအသင်း ပြိုင်ပွဲအားလုံးအနိုင်ရရှိထား

ရန်ကုန် ဩဂုတ် ၅

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပလျက်ရှိသည့် (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ(39th Thai King's Cup)တွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယနေ့အုပ်စုပြိုင်ပွဲများ အားလုံး အနိုင်ရရှိကြကြောင်း သိရသည်။

စာမျက်နှာ ၂၉ ကော်လံ ၃ ❐